မြန်မာ့အလင်း

Established 1914

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၉ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၅၅)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘူလ်ဂေးရီးယားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၃

၂၀၀၉ ခုနှစ် မတ် ၃ ရက်၌ ကျရောက်သော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျော်ဂျီ၊ ပါဗာနော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘူလ်ဂေးရီးယားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၃

၂၀၀၉ ခုနှစ် မတ် ၃ ရက်၌ကျရောက်သော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏နှစ်ပတ်လည် အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆာဂီ၊ စတန်နီရှက်ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ကျောက်မဲမြို့မှ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်က ပြည်နယ်၊ တိုင်းအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေး ဖြည့်ဆည်းပေးလျက်ရှိ ကြိုးစားလျှင် ကြိုးစားသလောက် တစ်ဦးချင်းစီသာမက ဒေသတစ်ခုလုံးပါ ပိုမိုတိုးတက်လာမည်

ဝန်ထမ်းများအနေဖြင့် ပြည်သူများ၏ အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ဖော်ဆောင် လုပ်ငန်းတိုင်းကို နားလည်ပြီး ပြည်သူများ ပူးပေါင်းပါဝင်လာအောင် စည်းရုံးဆောင်ရွက်

နေပြည်တော် မတ် ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် မတ် ၂ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ကျောက်မဲမြို့မှ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻

သတင်းခရီးသည် - ထိန်လင်း (မြန်မာ့အလင်း)
ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး (မြန်မာ့အလင်း)

လားရှိုး မတ် ၃ (ဖက်စ်)

နိုင်ငံတော်က ပညာသင်ယူနိုင်မှုအခွင့်အလမ်းများ တစ်ပြေးညီပွင့်လန်းစေရေးနှင့် ဒေသအလိုက် အရည်အချင်းမြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်ထွန်းပေါ်ထွက်လာရေးအတွက် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ကောလိပ် ၄၉ ခုကို တက္ကသိုလ်များအဖြစ် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှစ၍ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။ *စာမျက်နှာ ၇ ကော်လံ ၁* ●

(၂၀၀၉ ခုနှစ် မတ် ၄ရက်)

အနာဂတ်အာဆီယံအသိုက်အဝန်းများထူထောင်ရေး ပူးပေါင်းဆောင်ရွက် အဖွဲ့ဝင်နိုင်ငံအချင်းချင်း ရင်းနှီးချစ်ခင်မှုခိုင်မြဲရေး ဆက်လက်ကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် အဘီဆစ်ဝဲချာချီဝ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ဖေဖော်ဝါရီ ၂၇ရက်က ဟွာဟင်းမြို့သို့ ရောက်ရှိခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ Klai Kangwol Palace သို့ ဖေဖော်ဝါရီ ၂၈ရက်က သွားရောက်၍ ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်အား ဂါရဝပြု တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ယင်းနေ့၌ပင် ဟွာဟင်းမြို့ရှိ Royal Dusit Grand Hall ၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

ပထမအကြိမ် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံပါလီမန်အဖွဲ့ အထွေထွေညီလာခံ ကိုယ်စားလှယ်များ၏ အလွတ်သဘောဆွေးနွေးပွဲကို Dusit Thani Hotel Napalai Ballroom(A) Main Building ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် တက်ရောက်ခဲ့သည်။

အာဆီယံအထွေထွေညီလာခံ ကိုယ်စားလှယ်များကိုယ်စား ထိုင်းနိုင်ငံ အမျိုးသားပါလီမန်ဥက္ကဋ္ဌ မစ္စတာချိုင်းချက်ချပ်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာကို တင်ပြခဲ့သည်။

အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများသည် အာဆီယံကိုယ်စားလှယ်များ၏ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲ၊ အာဆီယံလူငယ်ကိုယ်စားလှယ်များ၏ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲ၊ အာဆီယံ လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များ၏ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ကြပြီး မိမိတို့၏အမြင်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနား၌ ထိုင်းနိုင်ငံဝန်ကြီးချုပ် အဘီဆစ်ဝဲချာချီဝက အာဆီယံသမိုင်းကြောင်းအရ ဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်၍လည်းကောင်း၊ အနာဂတ်အာဆီယံအသိုက်အဝန်းများ ထူထောင်သွားရေးအတွက် လိုအပ်သည့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ကြိုးပမ်းရေးနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

သို့ဖြစ်ပေရာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၏ အလွတ်သဘော ဆွေးနွေးမှုများ၊ မိမိတို့၏ အမြင်ချင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးမှုများသည် အခက်အခဲများ တွေ့ကြုံလာသည့်အခါ ပူးပေါင်းလက်တွဲ ဖြေရှင်းနိုင်မည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ရင်းနှီးချစ်ခင်မှုကို ပိုမိုခိုင်ကျည်လာနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မောက်မယ်မြို့၌ လမ်းနှင့်ကလေးကစားကွင်းဖွင့်

မောက်မယ် မတ် ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းမမှ ပြည်သူ့ဆေးရုံအထိ အရှည်ပေ ၁၈၀၊ အကျယ် ၁၂ပေ၊ အမြင့် ၁ပေ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် နံနက်ပိုင်းက ကျင်းပရာ မြို့နယ်ဆရာဝန်ကြီး ဦးသန်းဦးနှင့် မြို့မိမြို့ဖ ဦးသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တစ်ဆက်တည်း နမ့်ယွင်းရှုခင်းသာ ကလေးကစားကွင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးမောင်ဝင်းနှင့် မြို့မိမြို့ဖ ဦးမောင်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးဝင်းလွင်၊ ဒုတိယဗိုလ်မှူးကြီးဇော်နိုင်ထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်ဝင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၄-၃-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀ ၅။ ၂၀၀၉ခုနှစ်တက္ကသိုလ်ဝင်တန်း စာမေးပွဲအထောက်အကူပြု သင်ခန်းစာ(ဘောဂဗေဒ)
၄း၅၀ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၁၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၂၀ ၉။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၄။ ကာတွန်းအစီအစဉ်
လူစွမ်းကောင်းလေး လူဆာ
(အပိုင်း-၂၆)
၆း၄၅ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
ကျွန်တော့်ချစ်သူ
(အပိုင်း-၁၁)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဖြေလိုက်ပါ
၂၁။ ICT သုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ်
(အပိုင်း-၂၆)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး နေပြည်တော်တပ်ကုန်းမြို့နယ် ကျီးအင်းကျေးရွာ၌ ကျီးအင်း၊ သဖန်းချောင်း၊ မျက်ရဲ၊ လွှတ်ဘုံ၊ လယ်ဇပင်၊ သံပုရာကုန်း၊ အိုင့်ကျယ်နှင့် မယ်ဇလီကျင်း ကျေးရွာအုပ်စုရှစ်အုပ်စုတို့မှ ရပ်မိရပ်ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော်တပ်ကုန်းမြို့နယ် ကျေးရွာအုပ်စုများမှ ရပ်မိရပ်ဖများ ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တွေ့ဆုံ

နေပြည်တော် မတ် ၃

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် မတ် ၂ ရက်က နေပြည်တော်တပ်ကုန်းမြို့နယ် ကျီးအင်းကျေးရွာ၌ ကျီးအင်း၊ သဖန်းချောင်း၊ မျက်ရဲ၊ လွှတ်ဘုံ၊ လယ်ဇပင်၊ သံပုရာကုန်း၊ အိုင့်ကျယ်နှင့် မယ်ဇလီကျင်း ကျေးရွာအုပ်စုရှစ်အုပ်စုမှ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး ကျေးရွာအခြေခံပညာကျောင်း ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

စပါးနှင့် ပဲကုန်သည်

ထို့နောက် ဝန်ကြီးသည် မြောက်မြိုက်ကျေးရွာနှင့် အလည်ကျွန်းကျေးရွာတို့မှ ရပ်မိရပ်ဖများအား မြောက်မြိုက်ကျေးရွာစိုက်ပျိုးရေးရုံး၌ တွေ့ဆုံပြီး နေပြည်တော်တပ်ကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ စပါးနှင့် ပဲကုန်သည်လုပ်ငန်းရှင်များအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညောင်ရွှေမြို့၌ ပန်းအလှပင်များ တိုးချဲ့စိုက်ပျိုး

ညောင်ရွှေ မတ် ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းထွဋ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တိုး ဦးဆောင်ကြီးကြပ်၍ ဖေဖော်ဝါရီ ၁၀ရက် နံနက် ၉ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းများ မင်းလမ်းတစ်လျှောက် မြို့စိမ်းလန်းသာယာစိုပြည်ရေးအတွက် ပန်းအလှပင်များ တိုးချဲ့စိုက်ပျိုးခဲ့ကြသည်။ (ဝ၂၁)

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြော

ရန်ကုန် မတ် ၃

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော ၁၃၇၀ ပြည့်နှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းအားကစားကွင်း၌ ဖေဖော်ဝါရီ ၂၇ရက် ည ၇နာရီက ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)ထံမှ ပေးပို့သော စာဆိုတော်နေ့သဝဏ်လွှာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး မြေလတ်-ထင်ကျော်မိုးက ဖတ်ကြားသည်။

အမှာစကား

ထို့နောက် မရမ်းကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးစန်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဝင်း၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုး(မောင်ကျေးဇူး)တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဟောပြောပွဲကျင်းပခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်ဇော်(ဦးခင်ဇော်-မရမ်းကုန်း)က ရှင်းလင်းပြောကြားသည်။**(အောက်ပုံ)**

ဂုဏ်ပြုလှူဒါန်း

ထို့နောက် ကွယ်လွန်သူစာရေးဆရာ(မောင်မြေသွေး-မြန်မာစာ)၏ ကျန်ရစ်သူမိသားစုအား ထောက်ပံ့လှူဒါန်းငွေကျပ်တစ်သိန်း၊ ဆရာသော်တာဆွေ ကွယ်လွန်ခြင်းအထိမ်းအမှတ် ဂါရဝဒါနပွဲသို့ ငွေကျပ်နှစ်သောင်းပေးအပ်လှူဒါန်းပြီး မြို့နယ်ရည်ညွှန်းစာကြည့်တိုက်အတွက် ခေတ်နှောင်းရှားပါးစာအုပ်မျိုးစုံကို စာရေးဆရာ ကိုရွှေအောင်သင်းက လှူဒါန်းရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး (မျိုးမင်းသိန်း-ရွှေမြိုင်)က လက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်သည်။

ဟောပြော

ဆက်လက်၍ ဟောပြောပွဲဆက်လက်ကျင်းပရာ လူရွှင်တော်ရွှေဖလား ပထမဆုရ ဟာသလူရွှင်တော်ချစ်ချောက ရည်ရွယ်ချက်စူးစိုက်မှုအလေ့အကျင့်နှင့်ပန်းတိုင် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာကိုရွှေအောင်သင်းက လူငယ်နှင့်စာပေရေးရာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာသန်လျင်မောင်မောင်ဦးက ဟောပြောပွဲများနှင့်ကျွန်တော် ခေါင်းစဉ်ဖြင့်လည်းကောင်း စာပေရေးရာသိမှတ်စရာများ ဟောပြောခဲ့ကြသည်။ (၁၁၁)

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများဖြင့် ဆက်လက်ပြသဖျော်ဖြေ

နေပြည်တော် မတ် ၃

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများကို တတိယနေ့အဖြစ် မတ်၂ရက်ညပိုင်းတွင် ဥပ္ပါတသန္တိ စေတီတော်တောင်ဘက် ရာဇဌာနီလမ်းအနီးရှိ ပွဲတော်ကွင်း၌ မန္တလေး **နန်းအငြိမ့်** အဖွဲ့က ဖျော်ဖြေတင်ဆက်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ကြည့်ချင်ပွဲများနှင့်ဖျော်ဖြေရေးဆပ်ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးရန်နိုင်ဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသပြည်သူ၁၀၀၀၀ကျော်တို့ လာရောက်ကြည့်ရှုကြသည်။

ပြသဖျော်ဖြေ

အလားတူ မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က အကယ်ဒမီဆုရ မြန်မာရုပ်ရှင်ဇာတ်ကားများဖြစ်သည့် **ရင်နှင့်အောင်မွေး** ဇာတ်ကားနှင့် **ငါ့စား ငါ့သွေး ငါ့ဧရာဝတီ** ဇာတ်ကားများဖြင့် ပြသဖျော်ဖြေသည်။

စီစဉ်ဆောင်ရွက်ပေး

အဆိုပါကြည့်ချင်ပွဲများသို့ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်းနှင့် နေပြည်တော်လယ်ဝေးတို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများသည် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ လှည်းများဖြင့် လာရောက်ကြည့်ရှုကြရာ သက်ဆိုင်ရာတာဝန်ရှိများက ယာဉ်ရပ်နားစခန်း၊ မော်တော်ဆိုင်ကယ်ရပ်နားရန် နေရာများနှင့် လှည်းရပ်နားရန်လှည်းဝိုင်းများကို စီစဉ်ဆောင်ရွက်ပေးထားသည်။

ကြည့်ချင်ပွဲများ

စတုတ္ထနေ့အဖြစ် ယနေ့ညပိုင်းတွင် ကြည့်ချင်ပွဲများအဖြစ် မန္တလေး နန်းအငြိမ့်အဖွဲ့နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က **မျှော်လင့်ခြင်းများစွာ** ဇာတ်ကားနှင့် **အပြင်းစားရိုက်ချက်** ဇာတ်ကားတို့ဖြင့် ပြသဖျော်ဖြေမည်ဖြစ်သည်။ **(သတင်းစဉ်)**

ကြည့်ရှုအားပေး

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌ ကြည့်ချင်ပွဲများအဖြစ် မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က ရုပ်ရှင်ဇာတ်ကားများ ပြသဖျော်ဖြေရာ ဒေသခံပြည်သူများ ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားများ ကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌ မန္တလေး နန်းအငြိမ့်အဖွဲ့က ဖျော်ဖြေတင်ဆက်လျက်ရှိရာ ဒေသခံပြည်သူများ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော်ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားများ ကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌ ဒေသခံပြည်သူများ ပျော်ရွှင်စွာ လာရောက်ဆင်နွှဲကြစဉ်။ (သတင်းစဉ်)

လှူငယ်(ရေကြောင်း) ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၃

လှူငယ်(ရေကြောင်း) ကျောင်းသူကျောင်းသားဟောင်းများ၏ ပဉ္စမအကြိမ် ဆရာကန်တော့ပွဲကို မတ်၂၉ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ဓနုဖြူအရုံ ကြားတောရလမ်းမကြီး၊ ဗဟန်းမြို့နယ် (ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ကြေးသွန်းဘုရားကြီးနှင့် မျက်နှာချင်းဆိုင်)၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသူကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားပြီး ဦးအောင်ချိုမင်း ဖုန်း-၂၄၆၄၉၅၊ ၀၉-၅၁-၆၉၀၄၈၊ ဦးဖုန်းမော် ဖုန်း-၂၄၉၇၄၉၊ ဦးအေးလင်း ဖုန်း-၆၆၇၃၆၅၊ ၀၉-၅၁-၀၄၉၈၃၊ ဦးဇော်ဝင်း ဖုန်း-၂၄၅၉၃၄၊ ၀၉-၅၀-၄၅၆၉၁၊ ဒေါ်ကေသီဦး ဖုန်း-၅၂၄၆၂၈၊ ၀၉-၅၁-၀၄၅၀၄၊ ဒေါ်ခိုင်ခိုင်အေး ဖုန်း-၀၉-၅၀-၅၅၁၄၇နှင့် ဒေါ်ခင်လေးဝေ ဖုန်း-၃၉၄၅၆၂၊ ၀၉-၅၀-၅၄၁၈၃ တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိက ကူညီပံ့ပိုးသော မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2008-2009)၏ ရန်ကုန် နောက်ဆုံးပွဲစဉ်အဖြစ် IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ၂၆ရက် နံနက်ပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)၌ ဆက်လက်ကျင်းပသည်။

တတိယနေ့ ၁၈ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ ဇော်ဇော်လတ်(Srixon)က သုံးရက်ပေါင်းရိုက်ချက် ၂၁၄ချက်ဖြင့် ဦးဆောင် ကစားလျက်ရှိသည်။

ဇော်ဇင်ဝင်း (Srixon)နှင့် နိုင်နိုင်လင်း (Point Golf Shop)တို့က သုံးရက်ပေါင်း ရိုက်ချက် ၂၁၇ချက်စီဖြင့် ဒုတိယ လိုက်နေကြပြီး မြင့်ရွှေ (Srixon)၊ မင်းနိုင် (Srixon)နှင့် အောင်ဝင်း (Srixon) တို့က သုံးရက်ပေါင်းရိုက်ချက် ၂၁၈ချက်စီဖြင့် တတိယ လိုက်နေကြသည်။

ဦးဆောင်ကစား

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် အောင်ဝင်း(သစ်တော)က သုံးရက်ပေါင်း ရိုက်ချက် ၂၀၈ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

နေဗလဝင်းမြင့်က သုံးရက်ပေါင်း ရိုက်ချက် ၂၁၄ချက်ဖြင့် ဒုတိယ၊ သန်းဇော်က သုံးရက်ပေါင်းရိုက်ချက် ၂၂၄ချက်ဖြင့် တတိယ လိုက်နေကြသည်။

ပံ့ပိုးကူညီ

အဆိုပါပြိုင်ပွဲကို မြန်မာ့ဂေါက်သီး အကျော်အမော်များ ပေါ်ထွက်လာရေး အတွက် ရည်ရွယ်၍ Main Sponsor အဖြစ် International Beverages Trading Co., Ltd.က အဓိကကူညီပံ့ပိုးပြီး Co-sponsors များအဖြစ် KBZ Bank, Air Bagan Ltd., Hotel Yangon, Ruby Dragon Jade and Gems Co.,Ltd., Srixon, MGW Construction Ltd., Myanmar Red Star International Co.,Ltd., KM Golf Center, Accel International Co.,Ltd.(Canon), Alpine Purified Drinking Water, MY Associates Co.,Ltd., ကျားခေါင်း ဘီလပ်မြေစက်ရုံနှင့် Life Line Co., Ltd.(DHEA Plus)တို့က ထပ်မံပံ့ပိုးကူညီကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ကမ်းလွန်၌ အပျော်စီးငါးဖမ်းစက်လှေ နစ်မြုပ်မှုကြောင့် ပင်လယ်အတွင်း မျောပါလာသူတစ်ဦးအား ကမ်းရိုးတန်း လုံခြုံရေး ရဟတ်ယာဉ်မှ ကယ်တင်ခဲ့သည်ကို မတ် ၂ရက်က တွေ့ရစဉ်။
(ယင်းအပျော်တမ်း ငါးဖမ်းစက်လှေနစ်မြုပ်မှု၌ သုံးဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

အမေရိကန်တပ်ဖွဲ့ဝင်များထံမှ လုံခြုံရေးတာဝန် အီရတ်တပ်ဖွဲ့ဝင်များ လွှဲပြောင်းယူနိုင်ပြီဟုဆို

ဘဂ္ဂဒက် မတ် ၃

အီရတ်တပ်ဖွဲ့ဝင်များက လုံခြုံရေးတာဝန်ကို အမေရိကန်တပ်ဖွဲ့ဝင်များထံမှ ပခုံးပြောင်းတာဝန်ယူနိုင်ကြောင်း သက်သေပြခဲ့ပြီး ဖြစ်သည်ဟု အီရတ်ဝန်ကြီးချုပ် အယ်လ်မာလီကီက ဖေဖော်ဝါရီ ၂၈ရက်တွင် ပြောကြားလိုက်သည်။

အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များသည် နိုင်ငံအတွင်းရှိ ပြည်နယ်အားလုံးတွင် လုံခြုံရေးတာဝန်ယူနိုင်စွမ်းရှိသည်ကို ပြသခဲ့ကြောင်း ဝန်ကြီးချုပ်အယ်လ်မာလီကီက ပြောကြားသည်။

ထုတ်ဖော်ပြောကြား

အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမည်ဟု အမေရိကန်သမ္မတ အိုဘားမားက ဖေဖော်ဝါရီ ၂၇ရက်တွင် ၎င်းအား တယ်လီဖုန်းဆက်သွယ် အသိပေးပြီးနောက် ဝန်ကြီးချုပ်အယ်လ်မာလီကီက ယခုကဲ့သို့ ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်ဟု ဆင်ဟွာက ဖော်ပြသည်။ လောလောဆယ်တွင် အီရတ်နိုင်ငံ၏ ဒေသအချို့၌ အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များက အစားထိုးတာဝန်ယူလျက် ရှိနေသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မင်္ဂလာဆောင်မှ အပြန်ဘတ်စ်ကား ရထားနှင့်တိုက်မိ

နယူးဒေလီ မတ် ၃

အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့ရှ်ပြည်နယ်တွင် မတ် ၁ရက် ညနေပိုင်းက မင်္ဂလာဆောင်တစ်ခုမှ ပြန်လာသူများ စီးနင်းလိုက်ပါလာသည့် ဘတ်စ်ကားတစ်စီးမှာ လမ်းဆုံအရောက်၌ ရထားနှင့် တိုက်မိခဲ့ရာ ၁၀ဦးသေဆုံးပြီး လူ၂၀ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း အင်ဒို-အာရှသတင်းအေဂျင်စီကသတင်းထုတ်ပြန်သည်။

ကားပိုင်ရှင်၏ မိသားစုအားလုံးနှင့် ဆွေမျိုးများ၊ အိမ်နီးနားချင်းများကို ခေါ်ဆောင်၍ မင်္ဂလာညစာခံပွဲမှ အပြန်တွင် ရထားနှင့် တိုက်မိခဲ့ခြင်းဖြစ်သည်ဟု သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်၌ မြေပြိုမှုဖြစ်ပွား နေအိမ် ၁၀လုံးနှင့် တမံငယ်နှစ်ခုပျက်စီး

ကဘူးလ် မတ် ၃

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့မြောက်ပိုင်း တက်ခ်ဟာပြည်နယ်တွင် ဖေဖော်ဝါရီ ၂၇ရက်က တောင်စောင်းပေါ်မှ မြေစိုင်ခဲများပြိုကျမှု ဖြစ်ပွားခဲ့ရာ ကျေးရွာအတွင်းရှိ နေအိမ်၁၀လုံးနှင့် ရေအားလျှပ်စစ် ထုတ်ယူလျက်ရှိသည့် ဆည်တမံငယ်နှစ်ခု ပျက်စီးသွားခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဖာဇ်မိုဟာမက်တာဝါဒီက ပြောကြားသည်။

ယခုဖြစ်ပွားခဲ့သော သဘာဝဘေးဒဏ်ကြောင့် နေအိမ်နှင့်ဆည်တမံငယ်များ ပျက်စီးမှုအပြင် ကျွဲ၊နွား ၂၀၀၀ ကျော်လည်းသေဆုံးခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ဖေဖော်ဝါရီလစောစောပိုင်းက အာဖဂန်တောင်ပိုင်း ဘတ်ဂျီလန်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော မြေပြိုမှု၌ နေအိမ်ငါးလုံး ပျက်စီးခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

အမေရိကန်အမျိုးသမီးသတင်းထောက် အီရန်၌ ဖမ်းဆီးထိန်းသိမ်းခံရ

ဝါရှင်တန် မတ် ၃

အမေရိကန်မှ အမျိုးသမီးသတင်းထောက်တစ်ဦး ဇန်နဝါရီ ၃၁ရက်က အီရန်နိုင်ငံတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရကြောင်း၊ ၎င်းသည် ဝိုင်အရက်ဝယ်ယူမှုကြောင့် ဖမ်းဆီးခံရဖွယ် ရှိပြီး ယင်းသတင်းကို ရက်သတ္တနှစ်ပတ်ခန့် ထုတ်ပြန်ခြင်းမရှိခဲ့ကြောင်း ၎င်း၏ဖခင်ဖြစ်သူက မတ် ၁ရက်၌ ပြောကြားသည်။

၎င်းအမျိုးသမီး သတင်းထောက်သည် အသက် ၃၁ နှစ်ရှိပြီး အီရန်-အမေရိကန် နွယ်ဖွား ရိုဇာနာဆာဘာရီ ဖြစ်ကြောင်း၊ အမေရိကန် ပြည်ထောင်စုတွင် နေထိုင်ပြီး ဘီဘီစီ၊ အင်န်ပီအာရ်နှင့် အခြားသတင်းမီဒီယာများတွင် အလွတ်သတင်းထောက်အဖြစ် လုပ်ကိုင်နေသူတစ်ဦးဖြစ်ကြောင်း၊ မိဘ နှစ်ပါးအား မြောက်ဒါကိုတာဒေသသို့ ဖေဖော်ဝါရီလက နှစ်ကြိမ်ခေါ်ယူခဲ့ကြောင်း ၎င်း၏ ဖခင်ဖြစ်သူ ရီဇာဆာဘာရီက ပြောကြားသည်။

ရိုဇာနာဆာဘာရီက မိမိအဖမ်းခံရကြောင်း၊ အဖမ်းခံရသည့်အကြောင်းရင်းကို မသိရှိကြောင်း၊ ဝိုင်အရက်တစ်ပုလင်း ဝယ်ယူမှုကြောင့် ဖမ်းဆီးပြီးထိန်းသိမ်းထားခြင်း ဖြစ်နိုင်ကြောင်း စသည်ဖြင့် သမီးဖြစ်သူက ပြောကြားကြောင်း ဖခင်ဖြစ်သူက မြောက်ဒါကိုတာဒေသမှ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားသည်။ ဝိုင်အရက်ဝယ်ယူမှုသည် အသေးအဖွဲကိစ္စဖြစ်ပြီး မိမိတို့ အနေဖြင့် တစ်စုံတစ်ရာ မပြောကြားလိုကြောင်း၊ ယင်းကိစ္စသည် ဖမ်းဆီးရန်အတွက် အကြောင်းပြချက်တစ်ရပ်သာ ဖြစ်မည်ဟုထင်ကြောင်း ဖခင်ဖြစ်သူက ဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဩစတြေးလျ၌ ဝေလငါးအကောင်၂၀၀ခန့် သောင်တင် ဝေလငါး ၄၈ကောင်နှင့်လင်းပိုင်ငါးကောင်ကို ကယ်တင်နိုင်ခဲ့

ကင်ဘာရာ မတ် ၃

ဩစတြေးလျနိုင်ငံတောင်ပိုင်း တက်စမေးနီးယားကျွန်းဆွယ်ရှိ ကင်းကျွန်းတွင် မတ် ၁ရက် နှောင်းပိုင်းက ဒေသခံကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့မှ ကမ်းခြေ၌ သောင်တင်နေသော ရေကြောင်းပြဝေလငါး ၄၈ကောင်(အပေါ်ပုံ)နှင့် လင်းပိုင်ငါးကောင်ကို ကယ်တင်နိုင်ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ကယ်ဆယ်

ဝေလငါး ကယ်ဆယ်ရေးအတွေ့အကြုံရှိ ဝေလငါးကယ်ဆယ်ရေးသမားများ၊ ဒါဇင်ပေါင်းများစွာသော ကင်းကျွန်းဒေသခံ ကယ်ဆယ်ရေးသမားများ အပါအဝင် လူ ၁၅၀ကျော်ပါဝင်သော ကယ်ဆယ်ရေးအဖွဲ့သည် ရေကြောင်းပြ ဝေလငါးအကောင် ၂၀၀ခန့်နှင့် လင်းပိုင်ခုနစ်ကောင်ကို ကယ်တင်နိုင်ရေးအတွက် မတ် ၂ရက်တိုင်အောင် ကယ်ဆယ်ရေးလုပ်ငန်းများ ကြိုးစားပမ်းစား ဆောင်ရွက်ခဲ့ရသည်ဟု ဆိုသည်။

သေဆုံး

ဒေသခံလူမှုဝန်ထမ်းများက အစွမ်းကုန်ကြိုးစား အားထုတ်ခဲ့သော်လည်း ယင်းနေ့နေ့လယ်တွင် ဝေလငါးအကောင် ၁၃၀မှာ သေဆုံးသွားကြသည်ဟု ဖော်ပြသည်။

စက်မှုလုပ်ငန်း၊ ရေအရင်းအမြစ်၊ သစ်တောဥယျာဉ်နှင့်ဘေးမဲ့တော ထိန်းသိမ်းရေး ဗဟိုဌာနမှ ဝန်ထမ်းများ မတ် ၂ရက် နံနက်ပိုင်းက ယင်းကမ်းခြေသို့ ရောက်ရှိပြီး ဝေလငါးအားလုံးကို တွေ့ရှိခဲ့သော်လည်း ၅၄ကောင်သာ အသက်ရှင်နေတော့သည်ကိုတွေ့ရကြောင်း သတင်း၌ဖော်ပြသည်။ (အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း



အမေရိကန်နိုင်ငံ နယူးယောက်မြို့ လာဂွာဒီယာလေဆိပ်ရှိ ယာဉ်ရပ်နားစခန်းတွင် ရပ်နားထားသော ကားများပေါ်သို့ နှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းလျက်ရှိသည်ကို မတ်၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အိုပက်ထိပ်သီးအစည်းအဝေး ရေနံလျှော့ထုတ်ရန် အစီအစဉ်မရှိ

တီဟီရန် မတ် ၃

ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်) အနေဖြင့် လာမည့်မတ်လတွင် ကျင်းပမည့် အိုပက်ထိပ်သီးအစည်းအဝေးတွင် ရေနံထုတ်လုပ်မှုကိုလျှော့ချရန် အစီအစဉ်မရှိကြောင်း၊ သို့သော် ဈေးနှုန်းများ ပြင်ဆင်သတ်မှတ်ရေးကို ကြိုးပမ်းကောင်း ကြိုးပမ်းမည်ဖြစ်ကြောင်း အီရန်ရေနံဝန်ကြီး ဂိုလမ်ဟူစိန်နိုဇာရီက ပြောကြားသည်။

ရေနံထုတ်လုပ်မှုကို နောက်ထပ် လျှော့ချရန် အစီအစဉ်ရှိမည်ဟု သူမယူဆကြောင်း၊ ယင်းအစား ရေနံဈေးကွက်အတွင်း ဈေးနှုန်းများ ပြန်လည်သတ်မှတ်ရေး အစီအစဉ် ချမှတ်ကောင်းချမှတ်မည်ဟု ရေနံဝန်ကြီး ဂိုလမ်ဟူစိန်နိုဇာရီက သတင်းထောက်များနှင့်တွေ့ဆုံစဉ် မတ်၁ရက်က ပြောကြားလိုက်သည်။ **(အင်တာနက်)**

မီးလောင်မှုဖြစ်ပွား

တရုတ်နိုင်ငံ ကျီကျင်းယူဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ နိုင်ငံတကာ ကုန်သွယ်ရေး အဆောက်အအုံ၌ မီးလောင်မှု ဖြစ်ပွားနေသည်ကို မတ် ၂ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၄၂၅၃ဦးရှိပြီ

ဘဂ္ဂဒက် မတ် ၃

အီရတ်နိုင်ငံ၏ အနောက်ပိုင်းဒေသတွင် တိုက်ခိုက်မှုမဟုတ်သည့် ဖြစ်ရပ်ကြောင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က မတ် ၁ရက်က ပြောကြားသည်။

ကြေညာ

နိုင်ငံစုံတပ်ဖွဲ့ အနောက်ပိုင်းဒေသ (အမ်အင်န်အက်ဖ်-ဒဗလျူ)မှ မရိန်းတပ်ဖွဲ့ဝင် တစ်ဦးဖြစ်ပြီး အန်ဘာပြည်နယ်တွင် ဖေဖော်ဝါရီ ၂၈ ရက်က သေဆုံးခဲ့သည်ဟု အသေးစိတ် ဖော်ပြခြင်းမရှိသည့် စစ်ဘက်ကြေညာချက်၌ ပါရှိသည်။

ထားရှိ

အမ်အင်န်အက်ဖ်-ဒဗလျူတပ်ဖွဲ့ကို အမေရိကန်နိုင်ငံစုံ မရိန်းတပ်ဖွဲ့က အန်ဘာပြည်နယ်တွင် ဌာနချုပ်အဖြစ် ထားရှိခဲ့ခြင်းဖြစ်ပြီး အန်ဘာပြည်နယ်ရှိ ရာမာဒီနှင့် ဖလူးဂျာမြို့များအပါအဝင် စစ်ရေးလှုပ်ရှားမှုများကို ၎င်းတပ်ဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။

စုံစမ်းစစ်ဆေး

၎င်းတပ်ဖွဲ့ဝင်၏ ဆွေမျိုးသားချင်းများထံ အကြောင်းကြားမှုမရှိသေးသဖြင့် ၎င်း၏ အမည်ကို ကြေညာခြင်းမရှိသေးပေ။ ၎င်းသေဆုံးမှုအကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု ကြေညာချက်တွင် ဖော်ပြသည်။

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားပြီးနောက် အီရတ်တွင်သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၎င်းတပ်ဖွဲ့ဝင် အပါအဝင် ၄၂၅၃ဦးရှိပြီဟု အမေရိကန်စစ်ဘက်ဆိုင်ရာ စာရင်းများအရ သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အင်ဒိုနီးရှား၌ ရေလွှမ်းပြည်သူ ၂၀၀၀၀ကျော် ဘေးကင်းရာရွှေ့ပြောင်းရ

ဂျကာတာ မတ် ၃

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်း အရှေ့ပိုင်းတွင် ဖေဖော်ဝါရီ ၂၃ရက်မှစ၍ ရေလွှမ်းမှုကြောင့် ပြည်သူ ၂၀၀၀၀ကျော် အိုးအိမ်စွန့်ခွာကာ ဘေးကင်းရာသို့ ပြောင်းရွှေ့နေထိုင်ကြရကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနက မတ် ၁ရက်က ကြေညာသည်။

မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ဂျာဗားကျွန်းအလယ်ပိုင်းနှင့် အရှေ့ပိုင်းကို ဖြတ်သန်းစီးဆင်းသည့် ဘင်ဂါဝန်ဆိုလိုမြစ်ရေလျှံပြီး လူနေအိမ် ၅၀၀၀ကျော် ရေနစ်မြုပ်ခဲ့ကြသဖြင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြရခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဗန်းမောက်၊ အင်းတော်နှင့် ကသာမြို့များ ဖွံ့ဖြိုးတိုးတက်ရေး

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဖေဖော်ဝါရီ ၁၉ရက်က ကသာခရိုင် ဗန်းမောက်မြို့နယ် ကြောင်လည်ကျေးရွာသို့ရောက်ရှိပြီး ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကဒူး-ကနန်းဒေသသို့သွားရောက်ပြီး ရွှေကျောင်းကျေးရွာအနီးရှိ မူးမြစ် စတင်မြစ်ဖျားခံသောနေရာကိုကြည့်ရှုစစ်ဆေး၍ ရွှေကျောင်းကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ဆရာ ဆရာမများ၊ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံသည်။

ဆက်လက်၍တိုင်းမှူးသည်ဇားကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၊ဟော်ယောစံပြကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲနှင့် မူးသားကျေးရွာအခြေခံပညာမူလတန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လယ်ပဒုံးကျေးရွာ၊ လိပ်စောကျေးရွာ၊မန်ကျည်းကုန်းကျေးရွာ၊ ဟဲကွီးကျေးရွာနှင့် တုံးသိမ်ကျေးရွာတို့၌ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တုံးသိမ်ကျေးရွာနှင့် တုံးချောင်းကျေးရွာကြား၌ ကိုယ့်အားကိုယ်ကိုး ကျေးရွာချင်းဆက်လမ်း ပြုပြင်ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကံကြီးကုန်းကျေးရွာ၌ ဒေသခံများနှင့်တွေ့ဆုံ၍ ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် ဝတ်စုံစရိတ်နှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

တိုင်းမှူးသည် ဖေဖော်ဝါရီ၂၀ရက်တွင် အင်းတော်မြို့နယ် နဘားဘူတာသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်သူများနှင့်တွေ့ဆုံ

ဆက်လက်၍တိုင်းမှူးသည်အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် တိုက်နယ်ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထိုမှတစ်ဆင့် နန့်စီးအောင်ကျေးရွာသို့ရောက်ရှိပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ နန့်စီးအောင်တံတား ကွဲ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

လမ်းပြုပြင်

ယင်းနောက် တိုင်းမှူးသည် အင်းတော်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောင်ရွက်လျက်ရှိသော မော်လူး-နဘားလမ်းပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီး

ထို့နောက် တိုင်းမှူးသည် ကသာမြို့နယ် ပြည်သာယာအုပ်စု ကွင်းအမှတ်(၇၁၅)ရှိ လယ်သီးထပ်ဆောင်း မြေပဲစိုက်ခင်း ဇီဝစူပါရွက်ဖျန်းမြေဩဇာ စုပေါင်းပက်ဖျန်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဒေသခံတောင်သူများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံကာ စိုက်ဧကတိုးတက်ရေး၊ သီးနှံအထွက်တိုးရေးနှင့် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ်ပြီးမြောက် အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ပိုလ်တထောင်မြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေး

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို မတ် ၂ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် YMCA (International House) ၌ ကျင်းပရာ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဦးမျိုးတင့်(ရုံးအဖွဲ့မှူး)က ဆောင်ရွက်ပြီး သဘာပတိ ဗိုလ်တထောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဆန်းမော်က အမှာစကားပြောကြားသည်။ ဆက်လက်၍ဖွဲ့စည်းရေး အဖွဲ့ခေါင်းဆောင် ဦးရန်ပိုင်စိုး(အတွင်းရေးမှူး-၁)က ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ဥက္ကဋ္ဌဦးစိန်ဝင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ယဉ်၊ အတွင်းရေးမှူး ဘိုဘို၊ ဘဏ္ဍာရေးမှူး သီတာကိုကို၊ အဖွဲ့ဝင်များဖြစ်ကြသော လွင်ဦး၊စိန်ထွန်းဝေ(ခ)မြထွန်းအောင်၊ ပက်ထရစ်တို့ပါဝင်သောမြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ခန့်အပ်လွှာကို ပျဉ်းမနား ဦးမြင့်လှိုင်(ပြန်ကြားရေးမှူး)က ပေးအပ်ကာ ဖွဲ့စည်း တာဝန်ပေးအပ်လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး

ဂွမြို့နယ် လမ်း/တံတားများကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် သောင်းအေးသည် ဖေဖော်ဝါရီ၁၆ရက် နံနက်ပိုင်းက ဂွမြို့နယ် ဂွ-သံတွဲကားလမ်း မိုင်တိုင်အမှတ်(၇၅/၅)ရှိ ရွာသစ်ကုန်း ဘေလီသံပေါင်တံတားတည်ဆောက်ရေးလုပ်ငန်း၊တိုင်ကျိုးကျေးရွာအနီးရှိ ဂွ-သံတွဲကားလမ်း မိုင်တိုင်အမှတ် (၅၇)နှင့် (၅၈)အကြား ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ရဟိုင်ကူးတို့ကျေးရွာအုပ်စု၊ ရတနာမြိုင်ကျေးရွာအုပ်စုနှင့် ကျိန္တလီမြို့တို့သို့ သွားရောက်၍ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ဆိုင်ကလုန်းသဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးဆိုင်ရာများကို ရှင်းလင်းမှာကြားပြီး ဆိုင်ကလုန်း(မုန်တိုင်း)သတိပေးခြင်းဆိုင်ရာ နံရံကပ်ပိုစတာများကို ပေးအပ်သည်။

တိုင်းမှူးသည် ဖေဖော်ဝါရီ ၁၉ရက် နံနက်ပိုင်းတွင် အမ်းမြို့ ဒေသဖွံ့ဖြိုးရေးရုံးခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဈေးရပ်ကွက်အတွင်း ဆုတောင်းပြည့် မြို့ဦးစေတီဘုရားကုန်းအနီးရှိ စာသင်ကျောင်းသို့သွားရာ ဖြတ်လမ်းတံတားထိုးမည့်နေရာ၊ ဝင်းသူဇာအရောင်းဆိုင်နှင့် တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

နွေစပါးစိုက်ပျိုးမှု

တိုင်းမှူးသည် ဖေဖော်ဝါရီ ၂၀ရက်တွင် မင်းပြားမြို့နယ် နရမ်းကျေးရွာ ဆီထွက်သီးနှံစံပြနေကြာစိုက်ခင်း၊ ဆီမုန်ညင်းများ ခြွေလှေ့နေမှုနှင့် မြောက်ဦးမြို့ အဘောင်တော်ကျေးရွာ၌ နွေစပါးစိုက်ပျိုးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လမြိုင်မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီ တည်ထောင်သည့် နှစ်ပတ်လည်အခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၃

အလုပ်သမားဝန်ကြီးဌာန ပြည်တွင်းကုန်တင်ကုန်ချ ကော်မတီက ကြီးမှူး၍ မော်လမြိုင်မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီတည်ထောင်သည့်(၄၆)နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က အဆိုပါရုံးခန်း၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင်ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးများ ဖြစ်ကြသည့် ဦးဌေးအောင်၊ ဦးမြင့်ကြွယ်နှင့်မြို့နယ်ဦးစီးအရာရှိ ဦးကျော်ကျော်ဦးတို့က အမှာစကားပြောကြားကြပြီး မော်လမြိုင်မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီတည်ထောင်သည့်(၄၆)နှစ်မြောက် အထိမ်းအမှတ်အဖြစ်ကျင်းပခဲ့သည့်ဘောလုံးပြိုင်ပွဲ၊ တာဝေးအပြေးပြိုင်ပွဲ၊ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် အလုပ်ဆင်းရက်မှန်ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ကန်တော်ကြီးရေချိုငါးဥယျာဉ် စစ်ဆေး

ရန်ကုန် မတ် ၃

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ဖေဖော်ဝါရီ ၂၈ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ ကန်တော်ကြီးရှိ ငါးလုပ်ငန်းဦးစီးဌာန ရေချိုငါးဥယျာဉ် သဘာဝပြကွင်းပြကွက်များနှင့် ပညာပေး ပြကွင်းပြကွက်များ၊ အလှမွေးငါးလုပ်ငန်းရှင်များအသင်း၏ အလှပြငါးအရောင်းဆိုင်များကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေး

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မွန်းလွဲပိုင်းတွင် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အစည်းအဝေးခန်းမ(၁)၌ အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ၊ ဂျပန်နိုင်ငံ ဂျက်ထရို (JETRO)စက်မှုလုပ်ငန်းမှ တာဝန်ရှိသူ များအားတွေ့ဆုံ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများအား ဖိတ်ခေါ်လျက်ရှိမှုများကို ရှင်းလင်းပြောကြားပြီး ပြည်ပရင်းနှီးမြှုပ်နှံမှု တိုးချဲ့သွားမည့်အစီအစဉ် တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲကို မတ် ၁ရက်က အလုံမြို့နယ် ဆင်မင်းရပ်ကွက် သီရိမင်္ဂလာ အားကစားကွင်း၌ ကျင်းပရာ ရန်ကုန် အနောက်ပိုင်းခရိုင် ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် အလုံအချိုရည်စက်ရုံမှူး ဦးသက်တင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကသာမြို့နယ် ပြည်သာယာအုပ်စု မြေပဲစိုက်ခင်း ဇီဝစူပါရွက်ဖျန်းမြေဩဇာ စုပေါင်းပက်ဖျန်း

ဂွ-သံတွဲကားလမ်း ရွာသစ်ကုန်း ဘေလီသံပေါင်တံတားတည်ဆောက်၊ ကျောက်ချောလမ်းခင်း

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

စာကြည့်တိုက်များ ရှင်သန်တိုးတက်ရေး ဆောင်ရွက်

မိုးညှင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမာဂိုင်းသည် ဖေဖော်ဝါရီ ၂၂ရက်က မိုးညှင်းမြို့နယ် နန်းမားကျေးရွာ၊ နန့်စော်လော်ကျေးရွာ၊ ညောင်ပင်သာကျေးရွာနှင့် တောင်အင်းကျေးရွာအုပ်စုများသို့ သွားရောက်ပြီး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံကာ ကိုယ့်အားကိုယ်ကိုးကျေးရွာ စာကြည့်တိုက်များ ရှင်သန်တိုးတက်ရေးဆွေးနွေးဆောင်ရွက်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

တောင်တွင်းကြီး၌ စာကြည့်တိုက်နှစ်ပတ်လည်နေ့ ကျင်းပ

တောင်တွင်းကြီးမြို့နယ် ငွေဖိုကျေးရွာ အတွေးသစ်စာကြည့်တိုက် သုံးနှစ်မြောက်နှစ်ပတ်လည် အခမ်းအနားကို ဇန်နဝါရီ ၁၈ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ အလှူရှင်များက စာအုပ်စာစောင်များနှင့် အလှူငွေများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြပြီး စာကြည့်တိုက် ရေရှည်တည်တံ့ရေးအတွက် စာပေဟောပြောပွဲ ကျင်းပသည်။ *(မြို့နယ် ပြန်/ဆက်)*

အင်ကြင်းခုံကျေးရွာ၌ အခမဲ့ဆေးကုသပေး

ကလေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ခရိုင်တိုင်းရင်းဆေးကုဌာနတို့ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၆ ရက်က အင်ကြင်းခုံကျေးရွာ၌ ကလေးမြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဦးလှိုင်မိုးနှင့် ဝန်ထမ်းများက ဒေသခံကျေးရွာသားများအား တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေးပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းစန်းက အိုင်အိုဒင်းဆားများ အခမဲ့ဖြန့်ဝေပေးကာ တာဝန်ရှိသူများက ကျန်းမာရေးပညာပေးဟောပြောကြသည်။ **(မြို့နယ်မိခင်/ကလေးအသင်း)**

ခင်ဦးမြို့နယ် ပျဉ်ထောင်ကျေးရွာ၌ ရွှေသစ္စာတံတားဖွင့်

ခင်ဦးမြို့နယ် ပျဉ်ထောင်ကျေးရွာ ရွှေဘိုတူးမြောင်းလက်တံ အမှတ်(၂)၌ ရွှေသစ္စာတံတားဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်က အဖွင့်အမှာ စကားပြောကြားပြီး အလှူရှင်ဦးစိုးမင်းက ရွှေသစ္စာတံတားလှူဒါန်းရခြင်း ရည်ရွယ်ချက်ရှင်းလင်းကာ မြို့နယ်ဥက္ကဋ္ဌနှင့်အလှူရှင်မိသားစုတို့က တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ *(၁၈၂)*

ကျောက်ကြီး၌ လမ်းတံတားများကောင်းမွန်ရေးဆောင်ရွက်

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ လမ်းတံတားများ အစဉ်ကောင်းမွန်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုလေး၏ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဖေဖော်ဝါရီ ၆ ရက်က မြို့တွင်းလမ်းများအား ပြင်ဆင်ခြင်း၊ ဖာထေးခြင်း၊ တံတားများကြံ့ခိုင်မှုစစ်ဆေးခြင်းများ ဆောင်ရွက်ကြသည်။ **(၀၄၅)**

အောင်သုခစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ဖားမော်ခရိုင် မန်စီမြို့နယ် စီအူကျေးရွာအုပ်စု အောင်သုခစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ရန်ပုံငွေနှင့် စာအုပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၅ရက် ညနေ ၄ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသိန်းလွင်က စာကြည့်တိုက်ရေရှည်တည်တံ့ရေး ရှင်းလင်းပြောကြားပြီး စေတနာရှင်ပြည်သူများက အောင်သုခစာကြည့်တိုက်အတွက် ရန်ပုံငွေနှင့် သုတရသစာအုပ်မျိုးစုံကို ပေးအပ်လှူဒါန်းကြသည်။ *(ခရိုင်ပြန်/ဆက်)*

ပြင်ဦးလွင်မြို့ သန့်ရှင်းသာယာရေး ဆောင်ရွက်

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ စန္ဒာလမ်း ပြင်ဦးလွင်ဂေါက်ကွင်းအနီးတွင် မြက်များဖြတ်ခြင်း၊ လမ်းပခုံးညှိခြင်းလုပ်ငန်းကို ဒုတိယဦးစီးမှူး ဦးဆန်းမင်းနှင့်အဖွဲ့ဝန်ထမ်းများ ဇန်နဝါရီ ၁၀ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ် ကြီးကြပ်ဆောင်ရွက်ပေးသည်။ **(မြို့နယ်စည်ပင်)**

နွားထိုးကြီး၌ ချည်မျှင်ရှည်ဝါမျိုးစုံဝယ်ယူ

နွားထိုးကြီး မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းက မြို့နယ်ထွက် ချည်မျှင်ရှည်ဝါမျိုးစုံကို နွားထိုးကြီး ပြင်စည်ရွာကြီးတို့တွင် အဝယ်ဒိုင်ဖွင့်၍ ဝယ်ယူလျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက်က မိုးကြိုချည်မျှင်ရှည်ဝါ ပိဿာ ၉၅၀၀ကျော်နှင့် မိုးနှောင်းချည်မျှင်ရှည်ဝါ ပိဿာ ၂၈၅၀၀ကျော် ဝယ်ယူရရှိနေပြီဖြစ်သည်။ *(၀၉၂)*

ဝိုင်းမော်မြို့၌ ပန်းအလှပင်များပျိုးထောင်ဆောင်ရွက်

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ဆောင်ရွက်ထားရှိမှုကိုဖေဖော်ဝါရီ၈ရက်ကစည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအုန်းညွှန့်နှင့်ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်စိုးတို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေလွင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြသည်။ **(မြို့နယ်စည်ပင်)**

စစ်ကိုင်း-ကသာ-မြစ်ကြီးနား ခရိုင်ချင်းဆက်လမ်းအမှတ်(၃) မြစ်ကြီးနား-အကဲ့-ဆင်ဘိုလမ်းပိုင်း အဆင့်မြှင့်တင်မှုလုပ်ငန်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉နာရီက မြစ်ကြီးနားလေတပ်စခန်းဌာနချုပ် (နန်ပေါင်)၌ လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြစ်ကြီးနားမြို့နယ် နန်ပေါင်ကျေးရွာနှင့် ရှဒေါင်းကျေးရွာတို့ကို ဆက်သွယ် တည်ဆောက်ထားသည့်အရှည်ပေ ၃၀၀ ရှိနှစ်လွှာတစ်ထပ်ဘေလီ နန်းကွေ့ချောင်းတံတားကြံ့ခိုင်မှုကိုလည်းကောင်း၊ မြစ်ကြီးနားမြို့နယ် အကဲ့ကျေးရွာ မိုင်တိုင်အမှတ် ၁၂ ရှိ စစ်ကိုင်း-ကသာ-မြစ်ကြီးနားခရိုင်ချင်းဆက်လမ်းအမှတ်(၃)၏(မြစ်ကြီးနား-အကဲ့-ဆင်ဘိုလမ်းပိုင်း) လမ်းအဆင့်မြှင့်တင်မှုလုပ်ငန်းဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် မြစ်ကြီးနားမြို့နယ် တာဆန်းကျေးရွာအနီး မိုင်တိုင်အမှတ် (၁၇/၂)၌ အကဲ့-ဆင်ဘိုလမ်းပိုင်းကို စက်ယန္တရားကြီးများဖြင့် မြေသားလမ်းပြုပြင်မှု၊ မြေရောသဲကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ မိုးကောင်းချောင်းကူး(ပါဖာ) တံတားတည်ဆောက်မှုလုပ်ငန်းခွင်၌ ရေလယ်တိုင်များတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

အားပေးစကားပြော

ယင်းနောက် ဆင်ဘိုမြို့ ပြည်သူ့ဆေးရုံခန်းမဆောင်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများအား အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် ဆင်ဘိုမြို့ လမ်းဘေးဝဲယာတစ်လျှောက် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော နွေစပါးခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဆင်ဘိုတပ်နယ်ရှိ အောင်စစ်သည်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုဝင်များနှင့် တွေ့ဆုံကာ ဗိုလ်ချုပ်အုန်းမြင့်နှင့် တိုင်းမှူးတို့က တပ်ရင်းတပ်ဖွဲ့ မိသားစုဝင်များအတွက် ထောက်ပံ့ငွေများနှင့် အဝတ်အထည်များကို ပေးအပ်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်နှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ဗန်းမော်ခရိုင် မြို့လှမြို့သို့ရောက်ရှိကြပြီး စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့်အတူ မြို့လှကျွန်းရွှေဝါရိပ်သာရှေ့၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

သောက်သုံးရေရရှိရေး

ထို့နောက်ဗိုလ်ချုပ်အုန်းမြင့်က ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကား ပြောကြားပြီး တိုင်းမှူးဗိုလ်မှူးချုပ်စိုးဝင်းနှင့် တိုင်းမှူးဗိုလ်ချုပ်မြင့်စိုးတို့က သောက်သုံးရေရရှိရေးဆောင်ရွက်ရန်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် မြို့လှမြို့ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် တိုင်းမှူးဗိုလ်ချုပ်မြင့်စိုးတို့က အဝတ်အထည်များကိုလည်းကောင်း၊ ဗိုလ်ချုပ်အုန်းမြင့်က ဆေးဝါးပစ္စည်းများကို လည်းကောင်း၊ ဝမင်းကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ၊ ဒါရိုက်တာနှင့်အလှူရှင်တို့က အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်သည် စစ်ကိုင်းတိုင်း ကသာခရိုင် ကသာမြို့နယ် အတွင်းရှိမှတ်တိုင်ကျေးရွာ၊မိုးဒါးကြီးကျေးရွာနှင့် မင်းလယ်ကျေးရွာတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံပြီး တိုင်းမှူးဗိုလ်ချုပ်မြင့်စိုးနှင့်တိုင်းမှူးဗိုလ်မှူးချုပ်စိုးဝင်းတို့က ထောက်ပံ့ငွေနှင့် အဝတ်အထည်များကို ပေးအပ်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ညပိုင်းတွင် စစ်ကိုင်းတိုင်း ကသာမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဘဂျမ်းနှင့် ညီအစ်ကိုများကုမ္ပဏီလီမိတက် ကားအပိုပစ္စည်းများ အရောင်းပြခန်းသစ်ဖွင့်

ရန်ကုန် မတ် ၃

ဘဂျမ်းနှင့် ညီအစ်ကိုများ ကုမ္ပဏီလီမိတက်က ဂျပန်နိုင်ငံမှ တိုက်ရိုက်တင်သွင်း ဖြန့်ဖြူးသည့် မော်ဒန်မြင့် ကားအပိုပစ္စည်းများ အရောင်းပြခန်းသစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက အဆိုပါ အရောင်းပြခန်းသစ်တည်ရှိရာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်းရှိ အမှတ် (၁၉၈-က)၌ ကျင်းပရာ ဘဂျမ်းနှင့် ညီအစ်ကိုများ ကုမ္ပဏီလီမိတက်မန်နေဂျင်းဒါရိုက်တာ ဦးအေးဝင်း(ခ)ဦးဘဂျမ်းနှင့် ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ၊ အရောင်းကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ ဘဂျမ်းနှင့် ညီအစ်ကိုများနှင့် ကုမ္ပဏီလီမိတက်မှ ဦးဆေးရှူး၊ ဦးအောင်စိုးနှင့် ဦးဂဖူး (ရွှေမြိုင်သင်္ဘောဆေးဆိုင်) တို့က အရောင်းပြခန်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်

ယင်းနောက် ကုမ္ပဏီလီမိတက်မှဦးလှရွှေ (ခ)ဦးကာသာရ်က အရောင်းပြခန်းသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖြန့်ဖြူးရောင်းချ

အဆိုပါ အရောင်းပြခန်းသစ်၌ ဂျပန်နိုင်ငံမှ ထုတ်လုပ်ထားသော Toyota, Nissan, Mitsubishi, Honda, Mazda & Isuzu စသည့် မော်ဒန်မြင့်၊ တန်ဖိုးမြင့် ကားများ အတွက် ဂျပန်နိုင်ငံမှ တိုက်ရိုက်တင်သွင်းသော အင်ဂျင်အပိုပစ္စည်းများ၊ ကားအောက်ပိုင်း ပစ္စည်းများ၊ ချောဆီအမျိုးမျိုး အပါအဝင် ကားအပိုပစ္စည်းများကို ဈေးနှုန်းမှန်ကန်သက်သာစွာဖြင့် တိုက်ရိုက် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုက်ရိုက်ဝယ်ယူနိုင်

အရောင်းကိုယ်စားလှယ်များနှင့်ဝယ်ယူလိုသူများသည် အဆိုပါအရောင်းပြခန်းသစ် ဖုန်း-၂၉၁၉၉၆ နှင့် ၀၉-၈၆၄၀၇၈၄ တို့သို့ ဆက်သွယ်၍ တိုက်ရိုက်ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဖွင့်လှစ်ပေး

ဘဂျမ်းနှင့် ညီအစ်ကိုများ ကုမ္ပဏီလီမိတက်မှ ဦးဆေးရှူး၊ ဦးအောင်စိုးနှင့် ဦးဂဖူး(ရွှေမြိုင်သင်္ဘောဆေးဆိုင်) တို့ အရောင်းပြခန်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

မြစ်ကြီးနားမြို့နယ် တာဆန်းကျေးရွာအနီး အကဲ့-ဆင်ဘိုလမ်းပိုင်း စက်ယန္တရားကြီးများဖြင့် ပြုပြင်

မိုးကောင်းချောင်းကူး(ပါဖာ)တံတားရေလယ်တိုင်များ တည်ဆောက်ပြီးစီး

မိဘမောင်ဖွားတွေနဲ့ အိုးမကွာ အိမ်မကွာ ပညာကို အေးအေးချမ်းချမ်း သင်ယူနိုင်ကြပါပြီ။

ကျောင်းအုပ်ကြီး ဒေါက်တာ ဦးဇော်မင်းဦး နည်းပညာတက္ကသိုလ်(လားရှိုး)။

● *ရှေ့ဖုံးမှ*

အဆင့်တိုးမြှင့်

ထိုသို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်များထဲတွင် နည်းပညာတက္ကသိုလ် (လားရှိုး)လည်း အပါအဝင်ဖြစ်သည်။ ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၂၇ရက်တွင် အစိုးရစက်မှုလက်မှုသိပ္ပံအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၀ရက်တွင် နည်းပညာကောလိပ်အဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ပေးခဲ့သည်။ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် နည်းပညာတက္ကသိုလ်အဖြစ် ပေါ်ထွန်းလာခဲ့သည်။

နည်းပညာတက္ကသိုလ် (လားရှိုး) သည် လားရှိုးမြို့မြောက်ဘက် ဟိုပိတ်ကျေးရွာအနီး လားရှိုး-သိန်းနီလမ်းမကြီး၏ အရှေ့ဘက်တွင် တည်ရှိသည်။ သုံးထပ်ကျောင်းဆောင်ဖြစ်ပြီး ၅၅ ဒသမ ၃၆ ဧက ကျယ်ဝန်းသည်။ လားရှိုးမြို့တွင် ရောက်ရှိနေသော မြန်မာ့အလင်းသတင်းအဖွဲ့သည် ဒေသတွင်း အဆင့်မြင့် နည်းပညာများ သင်ယူမှုအခွင့်အလမ်းများ ပွင့်လန်းရာ လားရှိုးမြို့ နည်းပညာတက္ကသိုလ်သို့ ရောက်ရှိခဲ့သည်။

"ရန်ကုန်-မန္တလေးမှာ သွားတက်ရတော့ ဝေးတာပေါ့၊ အခုတော့ နီးနီးလေး" မဟန်နီဝင်းတင့် (ကျောက်မဲ)ပထမနှစ်(မြို့ပြ) အင်ဂျင်နီယာကျောင်းသူ။

ပညာဆည်းပူး

နည်းပညာတက္ကသိုလ် (လားရှိုး) ကျောင်းအုပ်ကြီး ဒေါက်တာဦးဇော်မင်းဦးအား စာပေသင်ကြားမှုအခြေအနေကို သိရှိနိုင်ရန် မေးမြန်းစေ့ငုခဲ့သည်။ ကျောင်းအုပ်ကြီး ဒေါက်တာဦးဇော်မင်းဦးက "နည်းပညာတက္ကသိုလ် (လားရှိုး) တွင် သင်တန်းငါးခု ဖွင့်လှစ်သင်ကြားပေးနေပါတယ်။ မြို့ပြအင်ဂျင်နီယာ သင်တန်း၊ လျှပ်စစ်ဆက်သွယ်ရေး အင်ဂျင်နီယာ သင်တန်း၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာ သင်တန်း၊ စက်မှုစွမ်းအား အင်ဂျင်နီယာ သင်တန်းနှင့် စက်မှုပုံစံပြု အင်ဂျင်နီယာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေပါတယ်။ သင်ကြားရေး ဆရာ၊ ဆရာမ ၆၇ဦးရှိပြီး ကျောင်းသား ကျောင်းသူ ၅၈၂ ဦး တက်ရောက်ပညာဆည်းပူးနေကြပါတယ်။ အများအားဖြင့် လားရှိုး၊ သီပေါ၊ မူဆယ်၊ နောင်ချို၊ နမ္မတူနှင့် မိုးမိတ်မြို့နယ်များမှ လာတက်တဲ့ ကျောင်းသား

"ကျောင်းကောင်းကောင်းဆောက်ပေးထားလို့ ကျောင်းတက်ရတာအလွန်ပျော်ပါတယ်" မနန်းသိမ့်ရတနာ (ကျောက်မဲ)၊ ပထမနှစ်(မြို့ပြ) အင်ဂျင်နီယာကျောင်းသူ။

ကျောင်းသူများ ဖြစ်ကြပါတယ်။ အနီးအနား မြို့ရွာများကဖြစ်လို့ မိဘဆွေမျိုးများနဲ့အတူ အိုးမကွာ အိမ်မကွာ တက်ရောက်ပညာသင်ယူနိုင်ပါတယ်။ ငွေကုန်ကြေးကျလည်း သက်သာပါတယ်။ ပညာသင်ယူမှု အဆင်ပြေစေရန် မထသနှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့က ကြိုပို့ယာဉ်များ စီစဉ်ပေးထားပါတယ်"ဟု ရှင်းလင်းပြောကြားခဲ့သည်။

နောင်တစ်ချိန် တိုင်းပြည်တွင် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာကြမည့် ကျောင်းသား ကျောင်းသူများ ကျောင်းပရဝဏ်အတွင်း ဆိုင်ကယ်များ စီးဝင်လာသည်ကို ကြည့်ရသည်မှာ ရောင်စုံပန်းများ ပွင့်လန်းနေသည့် ဥယျာဉ်ကြီးအတွင်း ရောက်ရှိနေသည့်နှယ်....။

မျိုးဆက်သစ်ကလေးများ တက်ကြွပျော်ရွှင်သည့် မြင်ကွင်းကို တွေ့မြင်ရသဖြင့် ပညာသင်ယူမှု အခြေအနေကို သိလိုစိတ်များဖြစ်လာသဖြင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

"သမီးနာမည်က နန်းသိမ့်ရတနာလို့ခေါ်ပါတယ်၊ပထမနှစ်(မြို့ပြအင်ဂျင်နီယာ) သင်တန်းမှာ တက်ရောက်နေပါတယ်၊ ကျောက်မဲမြို့ကလာတက်တာပါ။ အရင်ဒီတက္ကသိုလ်ကြီး မရှိခင်က သမီးတို့ဒေသက ကျောင်းသား ကျောင်းသူများဟာ မန္တလေးတို့၊ ရန်ကုန်တို့မှာ သွားတက်ရပါတယ်။ ဝေးလည်းဝေး၊ ငွေကုန်ကြေးကျလည်း များပါတယ်။ လားရှိုးမှာတက်ရတော့ နီးလည်းနီးပြီး ကျောင်းကလည်း ကောင်းတော့ ဝမ်းသာအားရဖြစ်ရပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ကျေးဇူးတင်

နမ္မတူမြို့နယ်က ပထမနှစ် (စက်မှုစွမ်းအား) အင်ဂျင်နီယာသင်တန်း တက်ရောက်နေတဲ့ မောင်ထွန်းလွင်ဦးကလည်း "ကျွန်တော် နမ္မတူက လာတက်တာပါ။ ကျောင်းတက်ရတာ အဆင်ပြေပါတယ်။ မိဘတွေနဲ့ခွဲပြီး မသွားရလို့ ဝမ်းသာရပါတယ်။ ဒီလို ကျောင်းကြီးဆောက်ပေးတဲ့ နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။"

ဆက်လက်ပြီး ကချင်တိုင်းရင်းသူလေး မာဂရက်ဂျာဆန်ပန်ကလည်း "သမီးက ပထမနှစ် (မြို့ပြ) အင်ဂျင်နီယာသင်တန်း တက်နေပါတယ်။ ကွတ်ခိုင်မြို့ကလာတက်တာပါ။ ပြည်နယ်နဲ့ တိုင်းတွေမှာ နည်းပညာတက္ကသိုလ်တွေ ဖွင့်လှစ်ပေးလို့ နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်" ဟု အားရဝမ်းသာပြောပြသည်။

"ပြည်နယ်နှင့် တိုင်းတွေမှာ နည်းပညာတက္ကသိုလ်တွေ ဖွင့်လှစ်ပေးလို့ နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်"

မမာဂရက်ဂျာဆန်ပန် (ကွတ်ခိုင်)၊ ပထမနှစ်(မြို့ပြ) အင်ဂျင်နီယာကျောင်းသူ။

အားရဝမ်းသာ

ပထမနှစ် (မြို့ပြ) အင်ဂျင်နီယာ သင်တန်းသူလေး မဟန်နီဝင်းတင့်ကို မေးကြည့်ရာ "သမီးက ကျောက်မဲမှာ နေပါတယ်။ အရင်က ရန်ကုန်၊ မန္တလေးမြို့ကြီးများမှာ သွားတက်ရပါတယ်။ အခုတော့ နီးနီးလေး တက်ရပြီး လမ်းပန်းဆက်သွယ်ရေးကလည်း ကောင်းတော့ အိမ်ကို ခဏခဏ ပြန်ပါတယ်။ အင်ဂျင်နီယာ ပညာရှင်တွေ ပေါ်ထွက်လာအောင် ဒီကျောင်းကြီးက သင်ပေးမှာမို့ အားရဝမ်းသာ ဖြစ်ရပါတယ်"ဟု ရှင်းပြသည်။

ပထမနှစ် (မြို့ပြ) ကျောင်းသူလေး မခိုင်ယဉ်မွန်ကလည်း "သမီးက သီပေါက လာတက်တာပါ။ ရှမ်းပြည်နယ်မှာ နည်းပညာတက္ကသိုလ်ကြီး လာဖွင့်ပေးတဲ့ နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်" ဟု ရင်တွင်းစကားဆိုခဲ့သည်။

"ရှမ်းပြည်နယ်မှာ နည်းပညာတက္ကသိုလ်ကြီးဖွင့်ပေးလို့ နိုင်ငံတော်ကို အရမ်းကျေးဇူးတင်ပါတယ်"

မခိုင်ယဉ်မွန်(သီပေါ)၊ ပထမနှစ် (မြို့ပြ) အင်ဂျင်နီယာကျောင်းသူ။

ဒေသအကျိုး

ယခုအခါ နိုင်ငံတော်က တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ဒေသအတွင်း ပညာရေး အခွင့်အလမ်းများ တစ်ပြေးညီ ပွင့်လန်းလာပြီး လက်လှမ်းတမီ ဆည်းပူးနိုင်ရေးနှင့် အသိပညာရှင် အတတ်ပညာရှင်များ အံ့နှင့်ကျင်းနှင့် ပေါ်ထွန်းတိုးပွားလာစေရေးအတွက် စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးလျက်ရှိရာ ဒေသခံပညာရှင် ပညာတတ်များ၏ စွမ်းအားဖြင့် ဒေသအကျိုး ပိုမိုတိုးမြှင့်ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း သတင်းခရီးတစ်ထောက် ရေးသားပေးပို့လိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

"မိဘတွေနဲ့ အဝေးကြီး ခွဲပြီး မသွားရလို့ ဝမ်းသာပါတယ်"

မောင်ထွန်းလွင်ဦး (နမ္မတူ)၊ ပထမနှစ် (စက်မှုစွမ်းအား) အင်ဂျင်နီယာကျောင်းသား။

နိုင်ငံတော်က တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ဒေသအတွင်း ပညာရေး အခွင့်အလမ်းများ တစ်ပြေးညီ ပွင့်လန်းလာပြီး လက်လှမ်းတမီ ဆည်းပူးနိုင်ရေးနှင့် အသိပညာရှင် အတတ်ပညာရှင်များ အံ့နှင့်ကျင်းနှင့် ပေါ်ထွန်းတိုးပွားလာစေရေးအတွက် စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးလျက်ရှိရာ ဒေသခံပညာရှင် ပညာတတ်များ၏ စွမ်းအားဖြင့် ဒေသအကျိုး ပိုမိုတိုးမြှင့် ဖော်ဆောင်သွားမှာဖြစ်။

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် မတ် ၃

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၅၇)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်)Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "ဒူဘိုင်းမြို့၌ ပျောက်ဆုံးခဲ့သော မြန်မာအမျိုးသမီး အသတ်ခံရသည့်အမှုဖြစ်စဉ်အပြည့်အစုံ၊ ၃၅၃ မိုင်ခန့်သာ ရှည်သည့်နိုင်ငံတကာစံချိန်မီ ရန်ကုန်-မန္တလေး ရှစ်လမ်းသွားကွန်ကရစ် အမြန်လမ်းမကြီး ဖောက်လုပ်လျက်ရှိ၊ ယခုလအတွင်း ရန်ကုန်-နေပြည်တော် အမြန်လမ်းကို အသွားအပြန် နှစ်လမ်းသွားစီ အသုံးပြုနိုင်တော့မည်၊ အင်းလေးကန်သန့်ရှင်းရေးအတွက် ပလတ်စတစ်ကင်းမဲ့ဇုန်ဆောင်ရွက်မည်၊ မြန်မာနှင့် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံမှုကြောင့် မြန်မာ့ထွက်ကုန်အချို့ ထိုင်းဈေးကွက်ရလာ၊ မော်ဒယ်နိမ့်ဖုန်းများတွင် GPS စနစ်ထည့်သွင်း အသုံးပြုနိုင်ပြီ၊ ရန်ကုန်တစ်မြို့လုံးရှိ မီးပွိုင့်များကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်မည်၊ မြန်မာပြည်တွင်အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ်စနစ်ပါသည့် မြေလျှင်တိုင်းစက် ကွန်ရက်တစ်ခု အကောင်အထည်ဖော်နေ၊ မြို့အလိုက် ခွဲစိတ်မွေးဖွားရန် အချိန်ရွေးချယ်ပေးမည့်ဆော့ဖ်ဝဲလ်များကို မြန်မာပြည်အနှံ့လှူဒါန်းပေးမည်၊ ပစ္စည်းမျိုးစုံကို အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချမည့် သင်္ကြန်ဈေးပွဲတော်ကြီး ကျင်းပမည်၊ မိတ္ထီလာမြို့တွင် သုံးရက်ကြာ ကားလေလံတင်ရောင်းချပွဲကြီးကျင်းပဦးမည်၊ မိုက်ကယ်ဂျက်ဆင်က သူ၏ပစ္စည်းများကို လေလံတင်ရောင်းချနေရ၊ အန္တာတိကရေခဲပြင်အောက်၌ရှိသော တောင်တန်းများ၏နေရာကို ပညာရှင်တို့ဖော်ထုတ်နိုင်ခဲ့၊ အနီရောင်ပျော်ကျနေသော အိုမီဂါပုံလဝန်းကြီးထွက်ပေါ်လာ၊ အီရန်နိုင်ငံ၏ နျူကလီးယားစွမ်းအင်စက်ရုံ စတင်၍ အစမ်းလည်ပတ်၊ ကလေးဘဝကတည်းက ခြေထောက်နှစ်ဖက်စလုံး ဖြတ်ပစ်လိုက်ရသူ ရေသူမအသွင်ပြောင်း၊ ကိုမိုဒိုနဂါးက တဲထဲတွင်နေထိုင်သူကို တိုက်ခိုက်ခဲ့၊ Google Earth ဆော့ဖ်ဝဲလ်ဖြင့် ရှေးဟောင်းအတ္တလန္တိတ် မြို့ဟောင်းကြီးအား ရှာဖွေတွေ့ရှိခဲ့သည်ဆိုခြင်းကို Google က တရားဝင်ငြင်းဆို၊ ကျည်ဆန်များ ဖောက်ဝင်မှုကိုတားဆီးနိုင်သည့် ဂျယ်လီတစ်မျိုးကို သံခမောက်ဦးထုပ်တွင် စတင်အသုံးပြု၊ ဦးခေါင်းအတွင်းသို့ တိုးလျှိုပေါက်မြင်ရသော အံ့ဖွယ်ငါးတစ်မျိုးတွေ့ရှိ… စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံကို ဈေးနှုန်းတိုးမြှင့်ခြင်းမရှိဘဲ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၄-၃-၂၀၀၉ရက် (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**နတ်စည်းစိမ်ထက် မြတ်သော ချမ်းသာတရားတော်** (ဆရာတော်ဘဒ္ဒန္တကဝိန္ဒ)
၇း၅၅-၁း၅၅	Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ (သုတေသီ)]
၈း၂၅-၂း၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၀-၂း၅၀	Activities in the City (ရွှေရတုကုသိုလ်ဖြစ် ဆေးခန်းဖွင့်ပွဲ)
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	Midweek Sports News
၉း၄၀-၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅-၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀-၃း၅၀	ဖန်တီးသူ၏ပညာစွမ်းမှသည် လှပသောဘဝများဆီသို့
၁၀း၁၅-၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀-၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅-၄း၂၅	ရွေးချယ်အစုံစုံရင်သွေးရိပ်မြုံ (စံပြရင်သွေးအိမ်မှုကြို)
၁၀း၄၅-၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅-၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀-၅း၀၀	ကုံရာသီတပို့တွဲ ထမနဲထိုးတဲ့ လရာသီ
၁၁း၁၅-၅း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀-၅း၂၀	ကာကွယ်ကယ်ဆယ် မီးဘေးအန္တရာယ်(အပိုင်း-၁)
၁၁း၄၀-၅း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅-၅း၄၅	ကြိုတင်ပြင်ဆင် ဆောင်ရွက်လျှင် **အန္တရာယ်ကင်းစင်မွေးမိခင်** အကယ်ဒမီ ထွန်းထွန်းဝင်း၊ အကယ်ဒမီမေသန်းနု၊ ဖိုးသောကြာ၊ ပပဝင်းခင် [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၁၁း၅၅-၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀-၆း၀၀	Shopping Guide (မြတ်ပန်းတော်ဝင် လက်ဆောင်ပစ္စည်းနှင့် စားသောက်ကုန်ရောင်းဝယ်ရေး)
၁၂း၁၀-၆း၁၀	စက်မှုလယ်ယာကြိုးပမ်းမှုပါ (Head Feed Type Combine Harvester)
၁၂း၃၅-၆း၃၅	Myanmar Video Rhythm
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်များ	ပြသမည့်လိုင်း
၂း၀၀	Newcastle-Man Utd	ESPN(Live)
	Man City-Aston Villa	Star Sports(Live)

ကျောက်တန်း တံတားမြို့ အထက အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၃

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် တံတားမြို့အထကတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲနှင့် အသက်၆၀ ပြည့် အငြိမ်းစားယူပြီးကြသော ဆရာကြီး ဆရာမကြီး ၄၂ဦးတို့အား ပူဇော်ကန်တော့ပွဲကို ဧပြီ ၄ ရက် (စနေနေ့) နံနက် ၉ နာရီတွင် သီရိရတနာခန်းမ၌ စတုတ္ထအကြိမ် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်

ပါဝင်လှူဒါန်းလိုသူများသည် ဗိုလ်မှူးချုပ်အောင်မြင့်(ငြိမ်း) ဖုန်း-၀၁-၅၇၉၇၄၂၊ ဦးထွန်းလှရွှေ (ကျောက်တန်း) ဖုန်း-၀၅၆-၂၅၀၇၀၊ ဗိုလ်ကြီးတင်ယု ဖုန်း-၀၉-၅၁-၈၃၃၅၄၊ ဒေါ်ဝင်းမြင့် ဖုန်း-၀၉-၅၁-၃၂၆၁၃၊ ဒေါ်စန်းစန်းနွယ် ဖုန်း-၀၉-၅၁-၆၀၁၈၅၊ ဒေါ်ခင်လှမူ (ကျောင်းအုပ်ဆရာမကြီးအထကတံတားမြို့) ဖုန်း-၃၃-၃၅၄၅၃၊ ၃၃-၃၅၄၅၄၊ ၃၃-၃၅၄၅၅၊ ၃၃-၃၅၄၅၆၊ ဦးလှမြင့် (ကဒ္ဒပွန)၊ ဦးစိန်မင်း(ပုတ္တလုပ်)၊ ဦးမြရွှေ (အောင်ချမ်းသာ)၊ ဦးထင်ကျော်(သုံးခွမြို့) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ရပ်ဝေးမှ လိုက်ပါလိုသူများသည် ဆရာမ ဒေါ်သန်းဌေး ဖုန်း-၀၁-၅၁၀၇၇၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ကျောက်မဲမြို့မှ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျောက်မဲ-သီပေါ-နမ့်စန်-ပန်တုံဒေသ ကားလမ်းများ ရာသီမရွေးသွားလာနိုင်ရေး အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်

* ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောက်မဲခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးက ကျောက်မဲခရိုင်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ကိုယ့်အားကိုယ်ကိုးဒေသသုံး ရေအားလျှပ်စစ်လုပ်ငန်းများ၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေနှင့် ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်မှုအခြေအနေတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီးက ရွှေလီရေအားလျှပ်စစ်စီမံကိန်း ပြီးစီးခဲ့သဖြင့် ရှမ်းပြည်နယ်၏ လျှပ်စစ်ဓာတ်အား တိုးမြှင့်ပို့လွှတ်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် လျှပ်စစ်စီမံကိန်းများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်နိုင်ရေးအတွက် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့တည်ဆောက်ခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့ခန့်ထားပေးမှု အခြေအနေများကိုလည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် အောင်မြင်မှုရရှိရေးအတွက် အားလုံးက ပါဝင်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ဆရာ၊ မိဘ၊ ကျောင်းသား အားလုံးပူးပေါင်း၍ ပညာရည်မြင့်မားရေးအစီအစဉ်များ ဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းတင်ပြသည်။

ဆန်၊ဆီဖူလုံမှု

ထို့နောက်အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက အမှာစကား ပြောကြားရာတွင် မိမိတို့အဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း၊ တာဝန်ရှိသူများ၏ တင်ပြချက်များအရ ကျောက်မဲခရိုင်အနေဖြင့် ဆန်ဖူလုံမှု ရာခိုင်နှုန်း၁၃၀၊ ဆီဖူလုံမှု ၁၂၃ရာခိုင်နှုန်း၊ ကျောက်မဲခရိုင်၏၂၀၀၇-၂၀၀၈ ခုနှစ်တွင် လူတစ်ဦးချင်းပျမ်းမျှဝင်ငွေ (Per Capita Income) ကျပ်သုံးသိန်းကျော်ရရှိသည်ကို သိရှိရကြောင်း။

နိုင်ငံတော်အကြီးအကဲက ဒေသတိုင်း၌ ကိုယ့်ဒေသအတွက် ဝမ်းစာဖူလုံမှုရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားပြီး လိုအပ်သည့် အခြေခံများကိုလည်း ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊သဘာဝဘေးအန္တရာယ် တစ်ခုခုကျရောက်ခြင်း၊လမ်းပန်းဆက်သွယ်မှု ပြတ်တောက်သွားခြင်းစသည့် အခြေအနေမျိုးဖြစ်လာသည့်အခါတိုင်း ဝမ်းစာမဖူလုံသည့်ဒေသနေပြည်သူများအတွက် နေ့စဉ် စားရေးအခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်ကို မိမိတို့ သင်ခန်းစာများရရှိခဲ့ကြပြီဖြစ်၍ ဒေသဝမ်းစာဖူလုံရေးကို အလေးထားဆောင်ရွက်သွားရန် တိုက်တွန်း မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးနေခြင်းဖြစ်သည်ကို သဘောပေါက်စေလိုပါကြောင်း။

ကြိုးပမ်းဆောင်ရွက်

ထို့ပြင် မိမိတို့ ယနေ့ လူတစ်ဦးချင်း ပျမ်းမျှဝင်ငွေ ကျပ်ခြောက်သိန်းရရှိရေး ရည်မှန်း ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောက်မဲခရိုင်အနေဖြင့် ဖွံ့ဖြိုးမှု အခြေခံကောင်းများရှိသည့် ဒေသဖြစ်၍ မျှော်မှန်းချက်အတိုင်း ပြည့်မီအောင် တာဝန်ရှိသူများအပိုင်းက ဖိဖိစီးစီး ဦးဆောင်ကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်က ပြည်နယ်/တိုင်းအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ ကြိုးစားလျှင်ကြိုးစားသလောက် တစ်ဦးချင်းစီအတွက်သာမက ဒေသ တစ်ခုလုံးအတွက်ပါ ပိုမို တိုးတက်လာမှာဖြစ်ကြောင်း၊ မိမိ၏ ယခုခရီးစဉ်တွင် နမ့်စန်မြို့သို့ သွားရောက်ပြီး နမ့်စန်ဆေးရုံကို ခုတင်(၅၀)ဆံ့ ဆေးရုံအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ရေး အပါအဝင် ဒေသဖွံ့ဖြိုးရန်လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ ထို့ပြင် ကျောက်မဲ-သီပေါ-နမ့်စန်-ပန်တုံဒေသ ကားလမ်းများကို ရာသီမရွေးသွားလာနိုင်အောင် လမ်းအဆင့်မြှင့်တင်ဆောင်ရွက်စေရေးကို စီစဉ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း။

ဝန်ထမ်းများအနေဖြင့် ပြည်သူများ၏ အကျိုးစီးပွားကို အမြဲဦးထိပ်ပန်ဆင်ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်သူက ချစ်ခင်လေးစားမှု၊ ယုံကြည်မှုရှိအောင် ကျင့်ကြံနေထိုင်ကြရန် လိုကြောင်း၊ ပြည်သူများအပေါ် ဖိစီးသည့်လုပ်ရပ်မျိုး မဖြစ်အောင် အမြဲသတိပြုဆောင်ရွက်ရန်လိုကြောင်း။

အချို့သောကိစ္စများတွင် မိမိက ကောင်းစေချင်၊ ဖြစ်စေချင်၊ တာဝန်ကျေပွန်ချင်သည့်ဆန္ဒကြောင့် ပြည်သူများအပေါ် ဝန်ပိစေနိုင်သည့် စေတနာလွန်၊ တာဝန်ကျေပွန်လွန်ဖြစ်တတ်သည့် လုပ်ရပ်မျိုးမဖြစ်စေရအောင် သတိချပ်ပြီး ဆောင်ရွက်သွားကြရန် လိုအပ်သကဲ့သို့ မိမိတို့ ဆောင်ရွက်သည့် လုပ်ငန်းတိုင်း၏ လုပ်ငန်းသဘောကို နားလည်ပြီး ပြည်သူများ ပါဝင်ပူးပေါင်းလာအောင် စည်းရုံးဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် အတွင်းရေးမှူး(၁)သည် တွေ့ဆုံပွဲသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးများ ပုဏ္ဏားကျွန်းမြို့တွင် ဒေသခံပြည်သူများနှင့်တွေ့ဆုံ

ရန်ကုန် မတ် ၃

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့သည် မတ် ၁ ရက် မွန်းလွဲပိုင်းတွင် ပုဏ္ဏားကျွန်းမြို့ မြို့နယ်ခန်းမ၌ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

အမှာစကားပြောကြား

တွေ့ဆုံပွဲတွင် တိုင်းမှူးနှင့် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့က အမှာစကား ပြောကြားကြသည်။

ပေးအပ်

ထို့နောက် တိုင်းမှူးက ပုဏ္ဏားကျွန်းမြို့ မီးဘေးကာကွယ်ရေးအတွက် ငွေကျပ် ၂၄သိန်းတန်ဖိုးရှိ အပေါ့စား မီးသတ်စက်နှစ်လုံးနှင့် မီးသတ်ပိုက်တို့ကိုလည်းကောင်း၊ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက ငွေကျပ် ၂၇သိန်းတန်ဖိုးရှိ ဧရာ(၁) လက်တွန်းထွန်စက်တစ်စီးနှင့် ပေါက်ပြားအလက် ၁၀၀ တို့ကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ပုဏ္ဏားကျွန်းမြို့ သာယာလမ်း ကတ္တရာလမ်းခင်းရန်အတွက် ထောက်ပံ့ငွေကျပ် ၇၆ဒသမ ၃သိန်း၊ စေတီရင်း-နတ်ဆိပ်လမ်း ကျောက်ချောခင်းရန်အတွက် ငွေကျပ် ၆၆ဒသမ ၉၄သိန်း၊ ငွေကျပ် ၁၂၅သိန်းတန်ဖိုးရှိ လမ်းကြိတ်စက် တစ်စီးနှင့် ငွေကျပ် ၂၃သိန်းတန်ဖိုးရှိ ကျောက်ခွဲစက်တစ်လုံး စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၈၁ဒသမ ၂၄သိန်းကိုလည်းကောင်း ပေးအပ်ပြီး တိုင်းမှူးနှင့် ဝန်ကြီးများသည် တက်ရောက်လာကြသော ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

တက်ရောက်

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့သည် ညနေပိုင်းတွင် ကျောက်တော်မြို့၌ (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်သည့် ကျောက်တော်မြို့နယ် သရက်တပင်-မင်းသားတောင်ကျေးလက် ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။ **(အပေါ်ပုံ)**

တွေ့ဆုံ

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ပေါက်တောကျေးရွာ၌ သရက်တပင်၊ ကျောက်တလုံး၊ မင်းသားတောင်ကျေးရွာအုပ်စုတို့မှ ကျေးလက်ပြည်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

POLICE BEUNIQUE နှင့် PUPA SUMMER PARADE SALE အထူးအစီအစဉ်

ရန်ကုန် မတ် ၃

POLICE BEUNIQUE နှင့် PUPA တို့မှ လုံးဝလက်လွတ်မခံသင့်သည့် အထူးအခွင့်အရေး SUMMER PARADE SALE ကို မတ် ၁ ရက်မှ ၁၀ရက်အထိ ကျင်းပမည်ဖြစ်ပြီး 10 %OFF (ANY ITEM) နှင့် BUY ONE, GET ONE (SELECTED ITEM) ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ရနိုင်သည့် နေရာများမှာ HIS & HER INTERNATIONAL ကောင်တာ၊ POLICE BEUNIQUE ကောင်တာနှင့် PUPA ကောင်တာ (ရန်ကုန်သီးသန့်)တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❑ ကျောဖုံးမှ

တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောက်မဲမြို့ အမှတ်(၂) ရပ်ကွက် ရန်ကင်းရပ်ရှိ ရန်အောင်မြင် ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိကြပြီး ကျောက်မဲမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တတေဇိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် အတွင်းရေးမှူး(၁) နှင့်ဇနီးတို့က ဖေဖော်ဝါရီ ၁၉ရက်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားသော ရန်အောင်မြင် ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသအား ရည်စူး၍ ကျောက်မဲမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တတေဇိန္ဒအမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော် ၁၈ပါးတို့အား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး (၁) နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး သီပေါမြို့နယ် ဘော်ကြိုကျေးရွာရှိ သမိုင်းဝင်ဘော် ကြိုမုဋ္ဌောစေတီတော်သို့ရောက်ရှိကြရာစေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခင်နှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရွှေသင်္ကန်းကပ်လှူ

ထို့နောက် အတွင်းရေးမှူး(၁) သည် စေတီတော်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့်ပူဇော်ပြီး ရတနာမာရ်အောင်၊ ရတနာညဏ်အောင်၊ ရတနာစျာန်အောင်နှင့် ရတနာရန်အောင် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အတွင်းရေးမှူး(၁) သည် စေတီတော်ပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ စေတီတော်ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) သည် စေတီတော်အတွက် အလှူတော်ငွေများကိုပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြပြီး စေတီတော် ပုံတော်ကို ဓမ္မ လက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စေတီတော်ဂေါပကအဖွဲ့ ရုံးခန်း၌ သီပေါမြို့ မြရွှေဂူ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ နန္ဒာသီရိအမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် သီပေါမြို့ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး သားဖွားခန်း၊ခွဲစိတ်ခန်း၊ ဓာတ်မှန်ဌာန၊ သွားနှင့် ခံတွင်းဌာန၊ အမျိုးသားလူနာဆောင်၊ အမျိုးသမီးလူနာဆောင်နှင့် ဆေးရုံအဆောက်အအုံများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ရီရီထွေးနှင့် တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) သည် သီပေါမြို့ ပြည်သူ့ဆေးရုံ သင်တန်းခန်းမ၌ ဆရာဝန်နှင့် သူနာပြုများအား တွေ့ဆုံသည်။

ဖြည့်စွက်တင်ပြ

ရှေးဦးစွာဆေးရုံအုပ်ကြီးဒေါက်တာ ဒေါ်ရီရီထွေးက ဆေးဝါးကုသမှု အခြေအနေနှင့် ဆေးရုံ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် တို့က ဖြည့်စွက် ရှင်းလင်း တင်ပြကြသည်။ ထို့နောက် အတွင်းရေးမှူး(၁)က သိရှိလိုသည်များကို မေးမြန်းပြီးနောက် ခုတင်(၁၀၀)ဆေးရုံနှင့်အညီ အဆောင်များကို Master Plan ရေးဆွဲ၍ အဆင့်လိုက် တိုးချဲ့ ဆောင်ရွက်သွားရန် ညွှန်ကြားဆောင်ရွက်ပေးသည်။

အလှူငွေများလှူဒါန်း

ဆက်လက်၍ ဆေးပဒေသာပင် အတွက် အလှူငွေများကို အတွင်းရေးမှူး(၁)၊ တိုင်းမှူး၊ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အေးရှားဝေါလ်ကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်တို့က လှူဒါန်းကြသည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်က ဆေးပစ္စည်းများနှင့် တစ်ခါသုံး ဆေးထိုးအပ်များကို ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် သီပေါမြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး စာသင်ဆောင်နှင့်ကျောင်း အဆောက်အအုံများကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် သီပေါမြို့နယ် အခြေခံ ပညာအထက်တန်းကျောင်း မြည်ီလာခန်းမ၌ ဆရာ၊ဆရာမများနှင့် ကျောင်း အကျိုးတော်ဆောင် အဖွဲ့ဝင်များအား တွေ့ဆုံရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းမြင့်ဌေးက သင်ကြားရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

လက်တွေ့အသုံးချ

ယင်းနောက် အတွင်းရေးမှူး(၁)က ကျောင်းအတွက်ရေစင်နှင့် သန့်စင်ခန်းများတည်ဆောက်ရန် ညွှန်ကြားစီစဉ်ပေးပြီး ဘာသာရပ်သင် ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့သင်ကြားသည့် ဘာသာရပ်အလိုက် အရည်အသွေးမြင့်မားရေး၊ လက်တွေ့ခန်းသုံးပစ္စည်းများ ပြည့်ပြည့်စုံစုံ ထားရှိသင်ကြားရေးနှင့် ကွန်ပျူတာပစ္စည်းများ အပါအဝင် သင်ထောက်ကူပစ္စည်းများကို လက်တွေ့အသုံးချ သင်ကြားရေးတို့ကို မှာကြားသည်။

ရောက်ရှိ

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ ညပိုင်းတွင် ကျောက်မဲမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး သီပေါမြို့နယ် သမိုင်းဝင် ဘော်ကြိုမုဋ္ဌောစေတီတော်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး သီပေါမြို့နယ် သမိုင်းဝင် ဘော်ကြို မုဋ္ဌောစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနိက အဆောက်အအုံများ ပြုပြင်မွမ်းမံ ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ဘူလ်ဂေးရီးယားနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၃

၂၀၀၉ခုနှစ် မတ်၃ရက်၌ ကျရောက်သော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အီဗိုင်လိုကာလ်ဖင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မြန်မာ့အလင်း **အင်တာနက်ကျန်းမာရေး**

နေ့စဉ်နံနက်နေရောင်ခြည်ကို နာရီဝက်ခန့် ထိတွေ့ပေးလျှင် အရေပြားနှင့် ဆီးကျိတ်ကင်ဆာ ဖြစ်ပွားမှုလျော့နည်းနိုင်

နံနက်နေရောင်ခြည်ကို နေ့စဉ် နာရီဝက်ခန့် ထိတွေ့ပေးပါက လူတို့တွင်ဖြစ်ပွားတတ်သော အရေပြားကင်ဆာကို ဟန့်တားကာကွယ်ပေးနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

ဗီတာမင်ဒီ

နံနက်နေရောင်ခြည်တွင် ပါရှိသော ဗီတာမင်ဒီသည် ခန္ဓာကိုယ်အတွင်းသို့ စိမ့်ဝင်ပြီး ဆဲလ်များကို သန်မာလန်းဆန်းစေကြောင်း၊ လူတို့၏ အရေပြားတွင်ရှိသော မွေးညင်းပေါက်များမှ တစ်ဆင့် ဗီတာမင်ဒီများ စိမ့်ဝင်ပျံ့နှံ့ခြင်းသည် နေ့ခင်းနေရောင်ခြည်၌ ပါဝင်သော ခရမ်းလွန်ရောင်ခြည်ကိုဟန့်တားကာကွယ်နိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

ဟန့်တားကာကွယ်

ပြင်းထန်သော နေရောင်ခြည်တွင် ပါရှိသော ခရမ်းလွန်ရောင်ခြည်သည် အရေပြားကင်ဆာကို ဖြစ်ပွားစေတတ်သည် ဖြစ်သော်လည်း နံနက်ခင်း နေရောင်ခြည်၌မူ ဗီတာမင်ဒီများ ပြည့်ဝစွာပါရှိသဖြင့် ခရမ်းလွန် ရောင်ခြည်ကို ဟန့်တား ကာကွယ်နိုင်ကြောင်း သိရသည်။

စိတ်ကျရောဂါ

ထို့အပြင် နေရောင်ခြည်၌ ပါရှိသော ဗီတာမင်ဒီသည် အရေပြားကင်ဆာအပြင် ရင်သားကင်ဆာ၊ ဆီးကျိတ်ကင်ဆာနှင့် စိတ်ကျရောဂါများ ဖြစ်ပွားမှုနည်းပါးရန် ကာကွယ်ပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ဆက်လက်ပြောကြားသည်။

တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် မတ် ၃

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၇) ကြိမ်မြောက် တပ်မတော် (ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၆နာရီတွင် နေပြည်တော်၌ ဆက်လက် ကျင်းပရာ စစ်တီးဝိုင်း ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ စစ်တီးဝိုင်းပြိုင်ပွဲ အမှတ်ပေး အကဲဖြတ်အဖွဲ့ဝင်များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

စစ်တီးဝိုင်းပြိုင်ပွဲတွင် အမှတ် (၈၈) ခြေမြန်တပ်မ ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက ထာဝစဉ်နှပျိုနေတဲ့ ဒို့တပ်မတော်၊ တပ်မတော်၊ မြန်မာအာဇာနည်၊ အောင်ပွဲရတဲ့ ဒို့စစ်သည် စစ်ချီသီချင်းများဖြင့် လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်း တပ်ခွဲ (၂)က စံပြဒို့တပ်မတော်၊ ရဲသွေးရဲမာန်၊ ပြည်သူ့သားစစ်သည် စစ်ချီသီချင်းများဖြင့်လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၃)က ရဲသွေးရဲမာန်၊ စံပြဒို့တပ်မတော်၊ ဒို့စစ်သည်၊ ပြည်သူ့သားစစ်သည် စစ်ချီသီချင်းများဖြင့် လည်းကောင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက မြင့်မြတ်တဲ့ တပ်မတော်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ ထာဝစဉ်နုပျိုနေတဲ့ဒို့တပ်မတော်၊အောင်ပွဲရတဲ့ဒို့စစ်သည်၊အောင်လံဝင့်ဝင့် သမိုင်းအဆင့်ဆင့်၊ ဖလ်နေဝန်း၊ မြန်မာပြည်သား စစ်ချီသီချင်းများဖြင့် လည်းကောင်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၂)က ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ အောင်ပွဲရတဲ့ ဒို့စစ်သည် စစ်ချီသီချင်းများဖြင့်လည်းကောင်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်း တပ်ခွဲ(၂)က ရဲသွေးရဲမာန်၊ ဒို့စစ်သည်စစ်ချီသီချင်းများဖြင့်လည်းကောင်းပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် မတ် ၃

"အိမ်၊ ရွှေ၊ ကား၊ ငွေကြေးဈေးအကျ ရင်းနှီးမြှုပ်နှံမှု ကျားကွက်အသစ် ဘယ်ကိုရွှေ့မလဲ" စီးပွားရေးဆောင်းပါးနှင့်ပတ်သက်ပြီး စီးပွားရေးပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ သုံးသပ်အကြံပြုချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ ၅ အမှတ် ၁၀ ထွက်ရှိလာသည်။

ယင်းအပြင် စစ်ကျန်ဘတ်စ်ကားများမှအပ အခြား မည်သည့်ယာဉ်မျှ မြို့ပြင်ထုတ်ရန် အစီအစဉ်မရှိ၊ ပဲဆီဈေးဘာကြောင့် ကျဆင်းလာ၊ နှုန်းရှင်စနစ်ဖြင့် တစ်နေ့တစ်ကြိမ် ဈေးဖွင့်ရောင်းဝယ်နေခြင်းကြောင့် ရွှေဈေးကွက်ဈေးနှုန်းတည်ငြိမ် စနစ်ကျလာ၊ မြန်မာလိဂ်ဘောလုံးပြိုင်ပွဲများ အဆင့်မြင့်မားရေး ရန်ကုန်ရှိ အဓိကဘောလုံးကွင်းများကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က တာဝန်လွှဲပြောင်း လုပ်ဆောင်မည်၊ နွေရာသီချည်ထည် အင်္ကျီများ မတရားအရောင်းပါး၊ ပါရမီတက္ကစီကို အိမ်သုံးအဖြစ် အသုံးပြုပါက ယာဉ်မောင်းနှင်ခွင့် ပိတ်သိမ်းမည်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်များအဖွဲ့အစည်း၏ အတွင်းရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ အရှင်ဓမ္မသာမိနှင့်တွေ့ဆုံခြင်း၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "တက္ကစီမီတာနှင့် အသုံးဝင်မှု" အကြောင်း၊ "ဦးမိုးဒီက အကယ်ဒမီနှင့် ထိုက်တန်အောင် ပြုမူနေထိုင် ပါတယ်တဲ့" ဖျော်ဖြေရေးသတင်းနှင့်အတူ ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိလာသည်။

စုံလင်စွာပါရှိ

ဗလာကျင်းနေသော ကုန်တင်သင်္ဘောအရေအတွက် တိုးပွားလာ၊ တရုတ်က ကမ္ဘာ့လုံးဆိုင်ရာ ထိတွေ့ကျွမ်းဝင်စေမှုအဖြစ် အမေရိကတွင် အင်္ဂလိပ်သတင်းစာ ထုတ်ဝေ၊ ချို့တဲ့သော အိန္ဒိယအမျိုးသမီးဆေးရုံသို့ မီးဖွားခကုန်ကျစရိတ်ပေးချေရန် မွေးကင်းစကလေးကိုရောင်း၊ တရုတ်-အမေရိကန်ဆက်ဆံရေး၊ စီးပွားရေးနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကိစ္စရပ်များဆွေးနွေးရန် ဟီလာရီကလင်တန် တရုတ်သို့ အလည်အပတ်ရောက်ရှိ၊ ကိုယ်တိုင် ဆေးလိပ်မသောက်သော်လည်း အငွေ့ရှူရှိုက်မိရုံဖြင့် အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားခြင်း အန္တရာယ်မြင့်မားလာ၊ ဩစတြေးလျ မာလ်မီတန်ကျွန်းတွင် အပန်းဖြေအချိန်ဖြုန်းရုံဖြင့် ဝင်ငွေရရှိမည့် ကမ္ဘာ့အကောင်းဆုံးအလုပ် နိုင်ငံပေါင်း ၂၀၀ကျော်မှ လာရောက်လျှောက်ထား၊ ပြင်သစ်သမ္မတဆာကိုဇီ၏ဇနီးသည် ကမ္ဘာ့လူအများအား လှုံ့ဆော်နိုင်ဆုံးနှင့် အလွှမ်းမိုး နိုင်ဆုံးပုဂ္ဂိုလ် ၁၀၀စာရင်းတွင် ခင်ပွန်းထက်သာလွန်၊ "အသက် ၁၁နှစ်အရွယ် ကလေးက ဖခင်၏အတူနေဖော် ကိုယ်ဝန်ဆောင်အမျိုးသမီးအား သေနတ်ဖြင့် ပစ်သတ်ဟုဆို" မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ "ပြောရဦးမယ် သူတို့က ဒီလိုတဲ့" ဖျော်ဖြေ ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

■ ကျောဖုံးမှ

လျှပ်စစ်ဓာတ်အား

ရေရရှိရေးအတွက် ဆောင်ရွက်ရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်းရှိ ပြိုင်းချောင်းရေလှောင်တမံစီမံကိန်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ပြိုင်းချောင်းရေလှောင်တမံစီမံကိန်းမှ စိုက်ပျိုးရေရရှိရေးသာမက လျှပ်စစ်ဓာတ်အားထုတ်ယူရန် ကျောက်တော်မြို့နယ်သို့လည်း လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ဒေသဖွံ့ဖြိုးရေး

ပြိုင်းချောင်းရေလှောင်တမံစီမံကိန်းအား ဆည်မြောင်းဦးစီးဌာနမှ မြေပြင်တိုင်းတာခြင်းလုပ်ငန်းကို ၁၉၈၄ခုနှစ်တွင်လည်းကောင်း၊ ဘူမိဗေဒတိုင်းတာခြင်းလုပ်ငန်းကို

"ကျောက်တော်မြို့နဲ့ လမ်းအနီးတစ်ဝိုက်ရှိ ရွာများကို ရေအားလျှပ်စစ်ပေးရန် စီစဉ်ထားပါတယ်"

ဦးအောင်ကြည်စိုး
ဦးစီးအရာရှိ
တည်ဆောက်ရေး(၃)

၁၉၈၆ခုနှစ်တွင်လည်းကောင်း အသီးသီးဆောင်ရွက်ခဲ့သည်။ ပြိုင်းချောင်းရေလှောင်တမံကို ရေဆင်းဧရိယာ ၅စတုရန်းမိုင်ရှိသော မင်ဒန်းကျေးရွာအနီး ပြိုင်းချောင်းပေါ်တွင် ရေလှောင်တမံတည်ဆောက်၍ ရေ ၂၅၂၀၅ ဧကပေကို သိုလှောင်ပြီး ကျောက်တော်မြို့နယ်အတွင်း နွေစပါးဧက ၄၀၀၀ သို့မဟုတ် သီးနှံမြေဧရိယာ ဧက ၅၀၀၀ကို ရေသွင်းစိုက်ပျိုးနိုင်ကာ ဒေသဖွံ့ဖြိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးကို ဆောင်ရွက်လျက်ရှိသည်။

ဖွင့်လှစ်ခြင်း

ပြိုင်းချောင်းရေလှောင်တမံစီမံကိန်းနှင့်ပတ်သက်၍ တည်ဆောက်ရေး(၃)မှ ဦးစီးအရာရှိ ဦးအောင်ကြည်စိုးအား တွေ့ဆုံမေးမြန်းခဲ့ရာတွင် "ပြိုင်းချောင်းရေလှောင်တမံစီမံကိန်းကို ၂၀၀၂-၂၀၀၃ခုနှစ်တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ၂၀၀၇ခုနှစ် မတ် ၃၀ရက်က အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ကြောင်း။

၂၀၀၆-၂၀၀၇ခုနှစ် စီမံကိန်းတည်ဆောက်ဆဲကာလအတွင်း ရေစတင်ပေးဝေခဲ့ရာ နွေစပါး ၁၀၇၅ဧကနှင့် နွေနှမ်း ၄ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ၂၀၀၇-၂၀၀၈ခုနှစ်တွင် နွေစပါး ၃၂၃၈ဧကနှင့် နွေနှမ်း ၄၃ဧက စိုက်ပျိုးရေ ပေးဝေနိုင်ခဲ့ကြောင်း၊ ယခုနှစ် ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ပြိုင်းချောင်းရေလှောင်တမံစီမံကိန်းမှ လျာထားနွေစပါးဧက ၄၀၀၀၊ နွေနှမ်းဧက ၇၀၀ပြည့်မီအောင် စိုက်ပျိုးနိုင်ရန်အတွက် ဆည်ရေသောက်စနစ်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရန်အတွက်လည်း ယခုနှစ် လုပ်ငန်းရာသီအတွင်း ပြီးစီးအောင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆည်ရေသောက်စနစ်

၂၀၀၈-၂၀၀၉ ခုနှစ်တွင် နွေစပါးစိုက်ပျိုးရေးနှင့်ပတ်သက်၍ ယခင်နှစ်က မိုးစပါးရိတ်သိမ်းမှုနောက်ကျသဖြင့် မပြီးသေးသော တူးမြောင်းဖောက်ဆည်ရေပေးရေးကို မလုပ်နိုင်ဘဲ စောင့်ဆိုင်းခဲ့ရကြောင်း၊ မိုးနှောင်းကောင်းသောကြောင့် ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့်မတ်လတို့တွင် မိုးစပါးအတွက် ရေပေးဝေရင်း လက်ရှိလုပ်ငန်းပါ လုပ်ရခြင်းကြောင့် လုပ်ငန်းလုပ်ချိန် အချိန်တိုရန် ဆည်ရေသောက်စနစ်သည် နှစ်အနည်းငယ်ကြာကြောင်း၊ ၂၀၀၉-၂၀၁၀ခုနှစ်တွင် အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း၊ လျာထားချက်ဖြစ်သော နွေစပါးဧက ၄၀၀၀ကို ၂၀၀၉-၂၀၁၀တွင် ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း"ဖြင့် ရှင်းပြသည်။

ရေအားလျှပ်စစ်

ရေအားလျှပ်စစ်ထုတ်ရန်အတွက် ဆောင်ရွက်လျက်ရှိပြီး ၄၀ ကီလိုဝပ်နှစ်လုံးဖြင့် ၈၀ကီလိုဝပ်ပေးမည်ဖြစ်ကြောင်း၊ ကျောက်တော်မြို့နှင့် လမ်းပတ်ဝန်းကျင်ရှိရွာများကို ရေအားလျှပ်စစ်ပေးရန် စီစဉ်ထားကြောင်း၊ ပင်စတော့အပိုင်းနှင့် ပါဝါဟောက်ဆင်ရန်အပိုင်းသာ ကျန်ရှိနေပြီး လာမည့်မေလအတွင်း စတင်ရန်စီစဉ်ထားကြောင်း သိရသည်။

စီးဝင်ရေဧက

ပြိုင်းချောင်းရေလှောင်တမံတွင် နှစ်စဉ်စီးဝင်ရေဧကပေ ၂၉၉၈၅ဧကပေရှိ၍ ကန်ရေပြည့်ရေလှောင်ပမာဏ ၂၅၀၂၅ဧကပေ သိုလှောင်မည်ဖြစ်ပြီး ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာ ၆၂၅ ဧကရှိမည်ဖြစ်သည်။ ပြိုင်းချောင်းရေလှောင်တမံမှာ မြေသားတမံအမျိုးအစားဖြစ်၍ တမံအမြင့်(ပင်မတမံ) ၁၁၆ ပေ၊ ကုန်းကြောတမံ လေးခု ၃၈ ပေ၊ တမံအလျားပင်မတမံ ပေ ၈၆၀၊ ကုန်းကြောတမံလေးခု ၉၂၅ ပေရှိသည်။ ရေထုတ်ပြွန်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်၍ အရွယ်အစားမှာ အကျယ် လေးပေ၊ အမြင့် ခြောက်ပေတစ်ပေါက်ဖြစ်ပြီး ရေထုတ်ပြွန်အလျား ပေ ၅၇၀ရှိသည်။ ရေပိုလွှဲအမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်၍ အကျယ်ပေ ၃၀၊ အလျား ပေ ၅၅၀ ရှိသည်။ တူးမြောင်းမကြီးအလျားသည် ရှစ်မိုင်ရှိ၍ လက်တံမြောင်းများမှာ အလျား ၁၃ မိုင်ရှိသည်။

ဆောင်ရွက်နေ

ဇီးချောင်းရေလှောင်တမံ၊ ပြိုင်းချောင်းရေလှောင်တမံတို့ကို တည်ဆောက်ခဲ့သော ဆည်မြောင်းဌာန တည်ဆောက်ရေး(၃)ကပင် တာဝန်ယူ၍ ကျောက်တော်မြို့နယ်တွင် ဇီးချောင်းအထက်၌ သရီချောင်းရေလှောင်တမံကို တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



ကျောက်တော်မြို့နယ် ပြိုင်းချောင်းရေလှောင်တမံ၏ ရေထိန်းမျှော်စင်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

သရီချောင်းရေလှောင်တမံကို သရီချောင်းပေါ်၌ပြုလုပ်လျက်ရှိပြီး မြေသားစမ်းသပ်ခြင်းလုပ်ငန်း၊ မြေပြင်တိုင်းတာခြင်း လုပ်ငန်းအားလုံးပြီးစီး၍ တမံအူချောင်းရွေးပြီးပြီဖြစ်သည်။ ၂၀၀၉ခုနှစ် ပွင့်လင်းရာသီတွင် စတင်တည်ဆောက်မည်ဖြစ်ကာ သရီချောင်းရေလှောင်တမံမှ လယ်ဧက ၃၀၀၀ စိုက်ပျိုးရေပေးဝေနိုင်မည်ဟုသိရသည်။ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်တွင် ပြိုင်းချောင်းရေလှောင်တမံ၊ ဇီးချောင်း ရေလှောင်တမံနှင့် သရီချောင်းရေလှောင်တမံတို့ တည်ဆောက်ပြီးစီးခဲ့လျှင် ဆည်ရေပေးဝေနိုင်မည့်ဧရိယာ ဧက ၉၀၀၀ခန့်သို့ စပါးစိုက်ပျိုးနိုင်ရန် ရေပေးဝေနိုင်တော့မည်ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ပြိုင်းချောင်းရေလှောင်တမံ၏ လက်ဝဲမြောင်းနှင့် လက်ယာမြောင်းကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

Sport Times ဂျာနယ် အသစ်ပြန်လည်ထွက်ရှိတော့မည်

ရန်ကုန် မတ် ၃

ယခင်ထုတ်ဝေခဲ့ဖူးသော Sport Times အားကစားဂျာနယ်ကို ယခုအခါ Real Media Group က အသွင်သစ်၊ အမြင်သစ်၊ ဆန်းသစ်သောအတွေးအခေါ်များ၊ တင်ပြမှုများဖြင့် မတ် ၆ရက် (သောကြာနေ့)မှ စတင်၍ အပတ်စဉ်ပြန်လည်ထုတ်ဝေတော့မည်ဖြစ်သည်။

ကဏ္ဍစုံ

အားကစားဝါသနာရှင်များ၏ ဆန္ဒနှင့် တစ်ထပ်တည်းကျအောင် စေတနာ၊ ဝါယမ၊ အရည်အသွေးနှင့် ကြိုးစားမှုများဖြင့် အစွမ်းကုန်ပေးဆပ်ထားသည့် Sport Times ဂျာနယ်တွင် ထူးခြားသည့် အားကစားဖြစ်ရပ်များ၊ စိတ်ဝင်စားဖွယ်အားကစားသတင်းများ၊ နောက်ဆုံးရ သတင်းအချက်အလက်များနှင့် နာမည်ကြီး အားကစားကလောင်ရှင်များ၏ အားကစားဆောင်းပါးများ၊ ထူးခြားသည့် ပြည်တွင်း၊ ပြည်ပအားကစားသတင်းများ၊ မြန်မာပရီလိဂ်ဘောလုံးပြောင်းလဲကျင်းပမည့် ကိစ္စနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များ၊ နိုင်ငံကျော်အနုပညာရှင်များ၏ အားကစားလှုပ်ရှားမှုနှင့် ခံစားမှုအတွေးအမြင်များစုံလင်စွာ ပါရှိမည့်အပြင် စနေ၊ တနင်္ဂနွေဘောလုံးပွဲများအတွက် နောက်ဆုံးရအထောက်အကူပြု သတင်းအချက်အလက်များ၊ ဝါသနာရှင်များယုံကြည်စိတ်ချအားထားရမည့် အမှန်ကန်ဆုံး ပွဲကြိုခန့်မှန်းမှုများ၊ တစ်ပတ်အတွင်း ပွဲစဉ်များထဲမှ ပွဲကောင်းအချို့အပေါ် နိုင်ငံတကာဘောလုံးပွဲကျွမ်းကျင်သည့် ဝါရင့်နာမည်ကြီး အားကစားကလောင်ရှင်များ၏ ဆွေးနွေးသုံးသပ်ခန့်မှန်းမှု Special Match Forumနှင့် ဝါသနာရှင်များစိတ်ကြိုက်ရွေးချယ် အားပေးနိုင်ရန် အကောင်းဆုံးရှစ်ပွဲကို အမှန်ကန်ဆုံး ဆုံးဖြတ်အားပေးနိုင်ရန် အချက်အလက်သုံးသပ်မှုခိုင်မာစွာဖြင့် ခန့်မှန်းသုံးသပ်ပေးထားခြင်းအပါအဝင် ပရိသတ်များအတွက် ကဏ္ဍစုံလင်စွာ တင်ဆက်ဖော်ပြထားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ငွေဆောင်ကမ်းခြေ တပေါင်းလရာသီ ပျော်ပွဲရွှင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် ငွေဆောင်ဇုန် ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငွေဆောင်ကမ်းခြေခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်ဖြင့် ငွေဆောင်ကမ်းခြေ တပေါင်းလရာသီ ပျော်ပွဲရွှင်ပွဲအဖြစ် ရွှေဖလား 5 Star လူရွှင်တော်များအဖွဲ့သည် ငွေဆောင်ကမ်းခြေတွင် မတ် ၇ရက်နှင့် ၈ရက်တို့တွင် ညဇနာရီ၌ ကပြ ဖျော်ဖြေမည်ဖြစ်ပြီး ပွဲကြည့်လက်မှတ်များကို ကျပ်၁၀၀၀၊ ၁၅၀၀၊ ၂၀၀၀ သတ်မှတ်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြောက်ပိုင်းခရိုင်၌ သက်ကြီးဘိုးဘွားများအား ဆေးဝါးများထောက်ပံ့

ရန်ကုန် မတ် ၃

ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆေးဝါးထောက်ပံ့ခြင်းအခမ်းအနားကို ယနေ့နံနက်၉နာရီခွဲက အင်းစိန်မြို့နယ် အထက(၃)ကျောင်းခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကျင်မြိုင်က အဖွင့်အမှာစကားပြောကြားပြီး သက်ကြီးဘိုးဘွားများအား ဆေးဝါးပစ္စည်းနှင့် အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရာသက်ပန်အသင်းဝင်အဆိုပြုလွှာများကို ပေးအပ်ပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြက အခမ်းအနားကျင်းပခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားအပြီးတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက သက်ကြီးဘိုးဘွားများအား အာဟာရကျွေးမွေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"**အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

၎င်းစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖေဖော်ဝါရီလ ၂၁ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံလျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့်ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်ရန် ရတနာပစ္စည်းများ	ကိုယ်တိုင်ကိုယ်ကျ ထည့်သွင်းပူဇော်နိုင်ရန် ပန်းထိမ်အဖွဲ့များ တစ်ပါတည်း ထားရှိပေးမည်။
(၂)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း
(၃)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ရတနာပစ္စည်းများ ထည့်သွင်းပူဇော်လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော်ကုန်းတော်၊ ဓမ္မာရုံရှိ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီသို့ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ပြိုင်ဆိုင်မှု ပြင်းထန်လာသော စီးရီးအေ

မောင်မောင်မြင့်ဆွေ ရေးသား၍ ❖ ဘိုဘိုမင်း စာမျက်နှာဖွဲ့စည်းသည်

ရောမ မတ် ၃

စီးရီးအေပွဲစဉ် ၂၆ကို မတ် ၁ရက်က ယှဉ်ပြိုင်ကစားတဲ့အခါ ထိပ်ဆုံးက ဦးဆောင်နေတဲ့အင်တာမီလန်ဟာ ရိုးမားကို အိမ်ကွင်းမှာ သုံးဂိုးစီ သရေပွဲဖြစ်ခဲ့တာမို့ ဒုတိယနေရာက ဂျူဗင်းတပ်စ်နဲ့ အမှတ်ကွာဟမှု ကျဉ်းမြောင်းခဲ့တာကြောင့် အင်တာမီလန်နည်းပြ မော်ရင်ဟိုလည်း ဖိအားပေးခံနေရပြီဖြစ်ပါတယ်။

မော်ရင်ဟို အင်တာမီလန်ကို စီးရီးအေဖလားရယူပေးနိုင်ပါ့မလား။

အင်တာမီလန်က ရိုးမားကို သရေပွဲဖြစ်ချိန်မှာ ဂျူဗင်းတပ်စ်က အိမ်ကွင်းမှာ နာပိုလီကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရခဲ့တာမို့ အင်တာမီလန်နဲ့ ပွဲတူခုနစ်မှတ်ပဲကွာတော့တဲ့ အနေအထား ရောက်ရှိလာခဲ့ပါတယ်။

ဝေဖန်မှု

အင်တာမီလန်ဟာ ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် မန်ယူနဲ့ ကစားတဲ့အခါ အိမ်ကွင်းမှာ ဂိုးမရှိသရေပွဲဖြစ်ခဲ့သလို အခုစီးရီးအေပွဲစဉ် ၂၆ မှာလည်း ရိုးမားကို သရေပွဲဖြစ်ခဲ့ပြန်တာကြောင့် လေးနှစ်ဆက်တိုက် စီးရီးအေဖလားကို မော်ရင်ဟိုကာကွယ်နိုင်ပါ့မလားဆိုတဲ့ ဝေဖန်မှုတွေ ထွက်ပေါ်လာခဲ့ပါတယ်။

မနှစ်ကခြေစွမ်း

အင်တာမီလန်ဟာ ၂၀၀၅-၂၀၀၆၊ ၂၀၀၆-၂၀၀၇ နဲ့ ၂၀၀၇-၂၀၀၈ ခုနှစ်တွေမှာ စီးရီးအေဖလားကို ဆက်တိုက်ရယူနိုင်ခဲ့တဲ့ အသင်းဖြစ်ပြီး ခြေစွမ်းထက်တဲ့ ကစားသမားတွေလည်း ပေါများတဲ့အသင်းဖြစ်ပါတယ်။ အင်တာမီလန်ရဲ့ တိုက်စစ်မှူး အီဗရာဟင်မိုဗစ်ချ်က လက်ရှိအချိန်မှာ ၁၄ဂိုးသွင်းယူထားနိုင်သလို စတန်ကိုဗစ်ချ်၊ မိုင်ကွန်နဲ့ အက်ဒရီရာနိုတို့ကလည်း ဂိုးသွင်းခြေစွမ်းထက်သူတွေပါပဲ။ ဒါပေမယ့် ၂၆ ပွဲကစားပြီးချိန်မှာ ၁၈ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်တွေ ပိုင်ဆိုင်ထားတဲ့ အင်တာမီလန်ဟာ မနှစ်ကခြေစွမ်းကို မမီတာတော့ အမှန်ပါပဲ။ အင်တာမီလန် တိုက်စစ်မှူးတွေဟာ ၂၆ ပွဲမှာ ၂၆ ဂိုးသွင်းထားတာဟာ တစ်ပွဲတစ်ဂိုးနှုန်းပဲ ရှိနေပါသေးတယ်။

ခက်ခက်ခဲခဲ

ဒါပေမယ့် မော်ရင်ဟိုကတော့ အင်တာမီလန်ဟာ ဒီနှစ်မှာ စီးရီးအေဖလားရော ချန်ပီယံလိဂ်ဖလားပါ ရယူရေး ကြိုးစားသွားမယ်လို့ ဆိုနေပေမယ့် လာမယ့် မတ် ၇ ရက်မှာ စီးရီးအေပွဲအဖြစ် ပဋ္ဌမနေရာက ဂျီနိုအာနဲ့ အဝေးကွင်းမှာ ကစားရမှာဖြစ်တာမို့ ခြေစွာတဲ့ဂျီနိုအာကို ခက်ခက်ခဲခဲ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။

အင်တာမီလန်

ဒါ့အပြင် မတ် ၁၁ ရက်မှာ ချန်ပီယံလိဂ်ပွဲစဉ် ဒုတိယအကျော့အဖြစ် မန်ယူကွင်းမှာ ကစားရမယ့်ပွဲ ရှိနေတာမို့ အင်တာမီလန်အတွက် သိပ်တော့မလွယ်လှပါဘူး။ သရေပွဲများလာတဲ့ အင်တာမီလန်ဟာ ဒီပွဲစဉ်တွေမှာ နိုင်ပွဲရဖို့ခက်ခဲမှာပါပဲ။ ဒါကြောင့် ဒုတိယနေရာက ဂျူဗင်းတပ်စ်ကို ဒီထက်အမှတ်ဖြတ်ဖို့ သိပ်တော့အခြေအနေမပေးနိုင်ဘူးလို့ မှန်းဆရပါတယ်။

ဂျူဗင်းတပ်စ် အောင်ပွဲခံနိုင်ရေး ကြိုးစားနေသည့် နည်းပြ ရာနီရေးနီ။

ဂျူဗင်းတပ်စ်

ဒုတိယနေရာက ဂျူဗင်းတပ်စ်ကတော့ လာမယ့် စီးရီးအေပွဲစဉ် ၂၇မှာ တိုရီနိုနဲ့ အဝေးကွင်းမှာ ကစားရမှာဖြစ်ပါတယ်။ တိုရီနိုဟာ လက်ရှိအနေအထားမှာ အဆင့် ၁၆ နေရာမှာရှိနေပြီး အိမ်ကွင်း အဝေးကွင်း ခြေစွမ်းကျဆင်းနေတဲ့ အသင်းဖြစ်ပါတယ်။ တန်းဆင်းဇုန်အတွင်း မကျဆင်းအောင် ကြိုးစားနေရတဲ့ တိုရီနိုကို နိုင်ပွဲလိုအပ်နေတဲ့ ဂျူဗင်းတပ်စ်တို့ အမှတ်ပြည့်ရအောင် ကစားပြီး အင်တာမီလန်ကို ဖိအားပေးဖို့ ကြိုးစားပါလိမ့်မယ်။

အေစီမီလန်

အေစီမီလန်တို့ကတော့ စီးရီးအေ ၂၆ပွဲ ကစားပြီးချိန်မှာ ၁၄ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ခြောက်ပွဲရှုံးနဲ့ ဒုတိယနေရာက ဂျူဗင်းတပ်စ်အောက် ငါးမှတ်ပဲကွာနေပါတယ်။ ထိပ်ဆုံးက အင်တာမီလန်နဲ့ ပွဲတူ ၁၀မှတ် ကွာနေတာမို့ ထိပ်ဆုံးက အသင်းတွေကို ယှဉ်နိုင်အောင် ပွဲတိုင်း ခြေကုန်ထုတ်နေပေမယ့် စီးရီးအေပွဲစဉ် ၂၆မှာ ဆမ်ဒိုးရီးယားကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့တာမို့ ဖလားမျှော်မှန်းချက်ကတော့ ဝေဝါးတဲ့ အနေအထားမှာရှိနေပါတယ်။

မျှော်လင့်ချက်

ဒါကြောင့် မော်ရင်ဟိုအနေနဲ့ အသင်းအပေါ် ကိုင်တွယ်မှု အားနည်းရင်တော့ စီးရီးအေဖလားကို လက်လွှတ်ရမယ့် အနေအထား ရောက်သွားပါလိမ့်မယ်။ ပွဲဆက်တွေများနေတဲ့ အင်တာမီလန်ရဲ့ အကျပ်အတည်းကို ဂျူဗင်းတပ်စ်နည်းပြ ရာနီရေးနီ အခွင့်အရေး ရအောင်ယူတတ်ရင်တော့ စီးရီးအေဖလား ရယူမယ်လို့ ကြိုးစားနေတဲ့ မော်ရင်ဟိုရဲ့ မျှော်လင့်ချက်ဟာ မှုန်ဝါးသွားနိုင်တယ်လို့ ယူဆရပါတယ်။ ။

ကိုးကား-အင်တာနက်

ဘော်လ်တန်နည်းပြမက်ဆန် စာချုပ်သစ်ချုပ်ဆိုရန် သဘောတူ

လန်ဒန် မတ် ၃

ဘော်လ်တန်နည်းပြ ဂါရီမက်ဆန်သည် အသင်းနှင့်စာချုပ်သစ် ထပ်မံချုပ်ဆိုရန် သဘောတူခဲ့သည်ဟု သတင်း၌ ဖော်ပြသည်။

အသက်(၄၉)နှစ်ရှိ မက်ဆန်သည် ၂၀၀၇ခုနှစ် အောက်တိုဘာလက ဘော်လ်တန်အသင်းနည်းပြ ဆမ်မီလီ၏ နေရာတွင် အစားထိုး တာဝန်ယူခဲ့ရသူဖြစ်ပြီး စောစောပိုင်းက အသင်းနှင့် နှစ်နှစ်ခွဲစာချုပ် ချုပ်ဆိုထားခဲ့သည်။ (အင်တာနက်)

ဥရောပဖလားပူးတွဲအိမ်ရှင် ကျင်းပခွင့်လျှောက်ထားမှု ဝေလနှင့် စကော့တို့ပြန်လည်ရုပ်သိမ်းခဲ့

လန်ဒန် မတ် ၃

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး အကျပ်အတည်းကြောင့် ၂၀၁၆ခုနှစ် ဥရောပဖလားပူးတွဲအိမ်ရှင်အဖြစ် ကျင်းပရန် လျှောက်ထားသော စကော့တလန်နှင့် ဝေလတို့သည် ၎င်းတို့၏ အဆိုပြုထားမှုကို ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။

ဥရောပဘောလုံးဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ကြီးဖြစ်သည့် ယူအီးအက်ဖ်အေသည် ၂၀၁၆ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲတွင် အသင်း ၂၄သင်း တိုးချဲ့ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ယင်းကြောင့် ကုန်ကျစရိတ်များ ပိုလာမည့်အချက်က အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အဟန့်အတားဖြစ်စေခဲ့သည်ဟုဆိုသည်။ ယင်းအားကစားပြိုင်ပွဲ လက်ခံကျင်းပခဲ့ပါက နှစ်နိုင်ငံစလုံးသည် အားကစားကွင်းအဆင့်မြှင့်ခြင်းနှင့် ကစားကွင်းအသစ် ဆောက်လုပ်ခြင်းအတွက် ပေါင်သန်းပေါင်းများစွာ ကုန်ကျမည်ဖြစ်သည်။ **(အင်တာနက်)**

ဗီလာခံစစ်မှူးဘောမား ဒဏ်ရာမှသက်သာပြီး လေ့ကျင့်ကွင်းပြန်ဆင်း



လန်ဒန် မတ် ၃

အက်စ်တွန်ဗီလာခံစစ်မှူး ဝီလ်ဖရက် ဘောမားသည် ခြေချင်းဝတ်ဒဏ်ရာ ရရှိမှုကြောင့် ရှစ်လခန့် အနားယူခဲ့ရပြီးနောက် လေ့ကျင့်ကွင်း ပြန်ဆင်းနေပြီဖြစ်ကြောင်း သိရသည်။

နယ်သာလန်လက်ရွေးစင် ဘောမားသည် ပြီးခဲ့သည့်နှစ် ဇူလိုင်လက အင်တာတိုတိုဖလားပြိုင်ပွဲတွင် အိမ်ကွင်း၌ အိုဒင်ဆီအသင်းနှင့် ယှဉ်ပြိုင်ကစားစဉ် ယင်းဒဏ်ရာရရှိပြီးကတည်းက အနားယူခဲ့ရခြင်းဖြစ်သည်။ **(အင်တာနက်)**

လက်ရွေးစင်အတွက် ဟတ်တွန်အား ခေါ်ယူနိုင်ရန် စကော့တလန်နည်းပြ ဂျော့ဘာလေမျှော်လင့်

လန်ဒန် မတ် ၃

ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် နယ်သာလန်နှင့် ယှဉ်ပြိုင်ကစားရန် စကော့တလန်လက်ရွေးစင်အသင်းအတွက် ညာခံစစ်မှူး အလန်ဟတ်တွန်အား ပြန်လည်ခေါ်ယူနိုင်ရန် စကော့တလန်နည်းပြ ဂျော့ဘာလေက မျှော်လင့်ထားကြောင်း သတင်း၌ဖော်ပြသည်။

ခွဲစိတ်ကုသ

အသက် ၂၄ နှစ်ရှိ စပါးခံစစ်မှူး အလန်ဟတ်တွန်သည် ခြေဖဝါးအရိုးအက်ဒဏ်ရာကို ခွဲစိတ်ကုသခဲ့ပြီးနောက် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလကတည်းက အနားယူကာ အရန်ထိုင်ခုံ၌ ထိုင်နေခဲ့ရသူဖြစ်သည်။ **(အင်တာနက်)**

ချစ် စိုး နိုင် စု စည်း တင် ပြ သည်။

ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ စီစဉ်မှု Silver View Resort (Ngwe Saung Beach) ၏ ပံ့ပိုးကူညီမှုတို့ဖြင့် ဦးခင်မောင်ညို(ဘောဂဗေဒ) က ''ကမ္ဘာ့စီးပွားရေး အကျပ်အတည်း နောက်ဆုံးအခြေအနေ'' ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မတ်၅ ရက်(ကြာသပတေးနေ့)ညနေ ၄နာရီတွင် ဗဟန်းမြို့နယ်ရှိ ယုဇနဟိုတယ် (ရွှေဂုံတိုင်)၌ ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

မွေးနေ့မင်္ဂလာဆုတောင်း

ဒေါ်တင်တင်မေ ''ကြည်သာ''စိန်ရွှေရတနာဆိုင် သဃ်္ဃန်းကျွန်းဈေးကြီးနှင့် ''ခေတ်သစ်'' စိန်ရွှေရတနာဆိုင် စံပြငမိုးရိပ်ဈေးကြီး၏ ၄-၃-၂၀၀၉ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် သာယာသောမိသားစုဘဝကို ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်ခင်ပွန်း - သီဟသုဓမ္မမဏိဇောတရေ ဦးကိုကိုလတ်
ချစ်သားကြီး - မောင်နေထက်မင်း[နောက်ဆုံးနှစ်အပိုင်း(က)၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်]
ချစ်သားလတ် - မောင်နန်းထက်မင်း[တတိယနှစ်၊ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်]
ချစ်သမီးထွေး - မဆုဇာသိမ့်[ပထမနှစ်၊ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်]

၁၉၈၂ နှင့် ၁၉၈၃ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)၌ ပထမနှစ် စတင်တက်ရောက်ခဲ့ကြသော

ဘူမိဗေဒအထူးပြု ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ

သူငယ်ချင်းတို့ရေ ...

အာစရိယပူဇော်ပွဲမှာ ပြန်လည်ဆုံတွေ့ကြပါစို့...

နေ့ရက် - ၈-၃-၂၀၀၉ရက် (တနင်္ဂနွေနေ့)
အချိန် - ညနေ ၄း၃၀နာရီမှ ည ၇း၃၀နာရီအထိ
နေရာ - ကန်တော်မင်စားသောက်ဆိုင်(ဦးဝိစာရအဝိုင်းအနီး)

ဆက်သွယ်ရန် -

မြတ်လှိုင်	ဖုန်း-၀၉-၅၀-၀၄၄၆၇	ခိုင်စိုး	ဖုန်း-၀၉-၅၀-၁၇၆၉၅
သိန်းထွန်း(တရုတ်ကြီး)	ဖုန်း-၀၉-၅၁-၇၅၈၁၇	ဆွေလင်း(ငုံးဥ)	ဖုန်း-၀၉-၅၁-၇၀၅၀၀
သန့်ဇင်(ပင်ပေါင်)	ဖုန်း-၀၉-၅၀-၀၄၃၉၇	လှမော်	ဖုန်း-၀၉-၅၀-၀၈၈၃၀
ပွင့်သွယ်ဝင်း	ဖုန်း-၀၉-၅၀-၅၇၆၀၂	ဝင်းမြင့်	ဖုန်း-၀၉-၅၁-၂၈၇၅၅
သိန်းစိုး	ဖုန်း-၀၁-၇၀၇၇၃၆	ဆွေသန်းမောင်	ဖုန်း-၀၉-၅၁-၂၈၂၉၂
ဝင်းဇော်ရှိန်(ဆူပါကြီး)	ဖုန်း-၀၉-၉၉-၇၀၆၇၅	ဂါဂါနီသန်းလှိုင်	ဖုန်း-၀၉-၉၉-၂၄၄၉၃

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ရွေးချယ်ဖွဲ့စည်းရေး ခြေစမ်းပွဲယှဉ်ပြိုင်

သတင်းမြင်ကွင်း - ဖိုးသော်ဇင်
ဓာတ်ပုံမှတ်တမ်း - စိုင်းရဲရင့်
စာမျက်နှာဖွဲ့စည်းမှု - တိုးလွင်

ရန်ကုန် မတ် ၃

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ရွေးချယ်ဖွဲ့စည်းရေး ခြေစမ်းဘောလုံးပွဲ ပထမပွဲစဉ်ကို ယနေ့ညနေ ၃နာရီ ၄၅မိနစ်က အောင်ဆန်းကွင်း၌ ကျင်းပရာ ပဏာမလက်ရွေးစင်(က)အသင်းက ပဏာမလက်ရွေးစင်(ခ)အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားပါတယ်။

ပဏာမလက်ရွေးစင်(က)-နှစ်ဂိုး ပဏာမလက်ရွေးစင်(ခ)-တစ်ဂိုး

လာမယ့်ဧပြီလအတွင်းမှာ ကျင်းပမယ့် AFC Challenge Cup ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မယ့် မြန်မာ့လက်ရွေးစင်အသင်းကို ရွေးချယ်ဖွဲ့စည်းဖို့ ကျင်းပတဲ့ လူရွေးပွဲဖြစ်ပါတယ်။ အခု ပထမဦးဆုံးပွဲမှာတော့ လက်ရွေးစင်ကစားသမားတွေဖြစ်တဲ့ မိုးဝင်း၊ အေးဆန်း၊ ဇော်ထက်အောင်၊ ကျော်ဇင်ထက် **(ဂိုး)** အစရှိတဲ့သူတွေ အနားပေးခဲ့ပြီး ထွန်းထွန်းဝင်း၊ စိုးသီဟအောင်၊ အောင်ကျော်မျိုး၊ ရာဇာဝင်းသိန်း၊ မျိုးမင်းထွန်းတို့ကိုတော့ ဒုတိယပိုင်းကျမှ ထည့်သွင်းကစားခဲ့ပါတယ်။

ပဏာမလက်ရွေးစင်(က)အသင်းမှာ **(ဂိုး)** ရဝေဇင်၊ **(နောက်တန်း)** မျိုးဇော်ထွန်း၊ အောင်သိုက်၊ ဇော်မျိုးထွန်း၊ ခင်မောင်လွင်၊ **(အလယ်တန်း)** ဘိုဘိုအောင်၊ အောင်မိုး၊ ထွန်းလင်းအောင်၊ တင်ဝင်းအောင်၊ **(ရှေ့တန်း)** စိုးမင်းနိုင်နဲ့ လှအေးထွေးတို့ကို တွဲထားပေးပါတယ်။ ပဏာမလက်ရွေးစင်(ခ)အသင်းမှာတော့ **(ဂိုး)** ဟိန်းကျော်သူ၊ **(နောက်တန်း)** အောင်ကျော်ဦး၊ ဇော်ဇော်ဦး၊ လင်းလင်းထွေး၊ ကျော်ဇေယျာဝင်း၊ **(အလယ်တန်း)** နေဇော်ထက်၊ ကျော်ဌေးဦး၊ အောင်သန်းဝင်း၊ တင်ဇော်မိုး၊ **(ရှေ့တန်း)** ထင်အောင်မိုးနဲ့ ထူးကျော်တို့ကို ပွဲအစမှာ ထုတ်သုံးခဲ့ပါတယ်။ ပထမပိုင်းအစမှာတော့ ပဏာမ(ခ)အသင်းက အချိတ်အဆက်မိမိနဲ့ ထိုးဖောက်ကစားနိုင်ခဲ့ပါတယ်။ လေးမိနစ်မှာ တင်ဇော်မိုး ပေးတာကို ထူးကျော် အနီးကပ်ပိတ်ပေမယ့် ဘေးထွက်သွားလို့ ပဏာမ(ခ)အသင်း နှစ်နာခဲ့ရပါတယ်။ ပဏာမ(ခ)အသင်းရဲ့ တိုက်စစ်မှူးတွေဖြစ်တဲ့ ထူးကျော်နဲ့ တင်အောင်မိုးတို့ အတွဲဟာ ပဏာမ(က)အသင်းရဲ့ နောက်ခံလူတွေကို မကျော်နိုင်လို့ ဂိုးသွင်းခွင့် သိပ်မရခဲ့ပါဘူး။

ပဏာမ(က)အသင်းကတော့ ခြေအသာသိပ်မရပေမယ့် ဂိုးသွင်းခွင့်တွေရအောင်တော့ ဖန်တီးနိုင်ခဲ့ပါတယ်။ ၁၈မိနစ်မှာ တိုက်စစ်မှူး လှအေးထွေး အပိုင်ကန်ခွင့်ရပေမယ့် အပေါ်ထောင်သွားလို့ နစ်နာခဲ့ရပေမယ့် ၂၉မိနစ်မှာတော့ အဖွင့်ဂိုး စတင်ရရှိခဲ့ပါတယ်။ ပဏာမ(ခ)အသင်းရဲ့ နောက်တန်းအမှားကနေ စိုးမင်းနိုင်ရသွားပြီး နှစ်ကြိမ်ကန်သွင်းခဲ့တာ ဖြစ်ပါတယ်။

ပဏာမလက်ရွေးစင်(ခ)အသင်းမှ ထူးကျော်၏ ထိုးဖောက်ဂိုးသွင်းမှုကို ပဏာမလက်ရွေးစင်(က)အသင်းမှ တင်ဝင်းအောင် တားဆီးနေစဉ်။ (မြန်မာ့အလင်း)

ဒုတိယပိုင်း

ဒုတိယပိုင်းမှာတော့ ပဏာမ(က)အသင်းက အမာခံကစားသမားတွေဖြစ်တဲ့ ထွန်းထွန်းဝင်း၊ အောင်ကျော်မျိုး၊ မျိုးမင်းထွန်း၊ ရာဇာဝင်းသိန်းတို့ကို ထည့်သွင်းကစားခဲ့သလို ပဏာမ(ခ)အသင်းကလည်း ကျော်သီဟ၊ စိုးသီဟအောင်၊ ပိုင်စိုးတို့ကို ထည့်သွင်းကစားခဲ့ပါတယ်။ ဒုတိယပိုင်းမှာတော့ ပွဲဟာ အပြန်အလှန်ရှိလာပြီး ၅၄မိနစ်မှာ ခင်မောင်လွင် အလယ်ကျောကပေးတာကို တင်ဝင်းအောင်က ဆွဲယူပြီး ကန်သွင်းခဲ့လို့ ပဏာမ(က)အသင်း ဒုတိယဂိုး ထပ်မံရရှိခဲ့ပါတယ်။ နှစ်မိနစ်အကြာမှာတော့ ပဏာမ(ခ)အသင်း ချေပဂိုး တစ်ဂိုးပြန်ရခဲ့ပြီး (က)အသင်း နောက်ခံလူ အောင်သိုက် ပြစ်ဒဏ်ဘောကို ဖျက်ထုတ်ရင်းမှ ကိုယ့်ဂိုးကိုယ် သွင်းမိခဲ့တာဖြစ်ပါတယ်။ ပွဲပြီးခါနီးမှာ ပဏာမ(ခ)အသင်း သရေရနိုင်တဲ့ အခွင့်အရေးရခဲ့ပေမယ့် ကျော်ဌေးဦး အပိုင်ကန်ချက်ပျော့သွားပြီး ခိုင်ဇော်ထွန်းရဲ့ ခေါင်းတိုက်ဂိုးသွင်းချက် ဘားထိထွက်သွားခဲ့ပါတယ်။

ပဏာမလက်ရွေးစင်(က)အသင်းမှာ **(ဂိုး)** ရဝေဇင်(ဇော်မိုးထက်)၊ **(နောက်တန်း)** မျိုးဇော်ထွန်း၊ အောင်သိုက်၊ ဇော်မျိုးထွန်း၊ ခင်မောင်လွင်(မျိုးဝင်းထွဋ်)၊ **(အလယ်တန်း)** ဘိုဘိုအောင်(ရာဇာဝင်းသိန်း)၊ အောင်မိုး(မျိုးမင်းထွန်း)၊ တင်ဝင်းအောင်၊ ထွန်းလင်းအောင် (ထွန်းထွန်းဝင်း)၊ **(ရှေ့တန်း)** စိုးမင်းနိုင်နဲ့ လှအေးထွေး၊ အောင်ကျော်မျိုးတို့ ပါဝင်ကစားခဲ့ပါတယ်။ ပဏာမလက်ရွေးစင်(ခ)အသင်းမှာ **(ဂိုး)** ဟိန်းကျော်သူ(မျိုးကျော်အောင်)၊ **(နောက်တန်း)** အောင်ကျော်ဦး၊ ဇော်ဇော်ဦး၊ လင်းလင်းထွေး (ဝင်းမင်းထွဋ်)၊ ကျော်ဇေယျာဝင်း၊ (ကောင်းမြတ်ဦး)၊ **(အလယ်တန်း)** ကျော်ဌေးဦး၊ နေဇော်ထက်၊ (ကျော်သီဟ)၊ အောင်သန်းဝင်း (စိုးသီဟအောင်)၊ တင်ဇော်မိုး (ပိုင်စိုး)၊ **(ရှေ့တန်း)** ထူးကျော်(ခိုင်ဇော်ထွန်း)နဲ့ တင်အောင်မိုးတို့ ပါဝင်ကစားခဲ့ပါတယ်။

လူရွေးပွဲ ဒုတိယပွဲစဉ်ကိုတော့ မတ် ၄ရက် **(ယနေ့)** ညနေ ၃နာရီတွင် အောင်ဆန်းကွင်းမှာ ကျင်းပမှာဖြစ်ပါတယ်။ ။ **(မြန်မာ့အလင်း)**

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၁၈) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၃

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၁၈)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

(ဝဲပုံ)

မြင်းမူမောင်နိုင်မိုး၊ ဇော်မင်းမင်းဦး၊ မြတ်ဘုန်း(တပ်ကုန်း)၊ အောင်ထွန်းလင်း (ချောက်)၊ သူရအောင်(ဥပဒေ)၊ မောင်ထည်ဝါ (ပျော်ဘွယ်)၊ ချမ်းမြဆောင်း (ကလော)၊ အေးမ(ကလော)၊ ဌေးပုလဲ၊ တင်မောင်(စလင်း)၊ မောင်ရတနာ၊ မေသက်နွယ်ဦးတို့၏ အဖွင့် ကဗျာများ၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ ဒေါက်တာနှင်းအေးခိုင်ဆွေ၊ လှထွန်း(တွံတေး)၊ ရွှေခြံဆွေဦး၊ မလေးပို၊ မောင်နွယ်သန်း၊ မောင်နေမျိုး၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ လှမြင့်(ရန်ကုန်တက္ကသိုလ်)၊ မောင်သာမာန် (ဇီးကုန်း)၊ မြန်မာ့အသံ သိန်းဟန်၊ မောင်အောင်မြင်(မိတ္ထီလာ)၊ မိုးသစ်(ကချင်မြေ)၊ မောင်ဒေါင်းဆွေ (ရွှေဇာမြေ)၊ လှတိုး(စိတ်ပညာ)၊ မအေးငြိမ်း (ပခုက္ကူ)၊ တက္ကသိုလ်စိုးယဉ်၊ နီငြိမ်း(အညာတက္ကသိုလ်)၊ ပုသိမ်ရန်နောင်စိုး၊ ညိုလွမ်းအောင်၊ ယဉ်မွေးပန်း (ဟဲဟိုး)၊ စစ်ကိုင်းစိမ်းစိမ်း၊ မနွယ်(ကလော)၊ ယွန်းမြတ်မွန်းသျှန်၊ အောင်ချစ်စိုး(လသာ)၊ မင်းဦး(ဒဿန)၊ စိုးစံ၊ ဟန်ထွေးနိုင်၊ ဖိုးစီ (လှိုင်သာယာ) တို့၏ကာတွန်း၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဘာသာပြန်ဝတ္ထု၊ ရွှေသဒ္ဒါ၏အခန်းဆက်ဝတ္ထုရှည်၊ တိုင်းရင်းသားကဏ္ဍ ပုံပြင်၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ တောခလေ့ စာပန်းချီ၊ ကဗျာ ပန်းရုံရိပ်တို့ဖြင့် သုတ၊ ရသ၊ စုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) စာပေဗိမာန် အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန် ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၂) ရန်ကင်း ဆရာအတတ်သင်ရှေ့ သစ္စာလမ်း ရန်ကုန်မြို့ ဖုန်း-၇၂၅၅၃၀နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ သက်သေခံပစ္စည်းများ ပိုင်ရှင်ထံ ပြန်လည်အပ်နှံ

ရန်ကုန် မတ် ၃

ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်း ဖေဖော်ဝါရီ ၂၂ရက်မှ မတ်၁ရက်အတွင်း ဖော်ထုတ်သိမ်းဆည်းရမိသော ခိုးမှုများမှ သက်သေခံပစ္စည်းများအား ပိုင်ရှင်များလက်ဝယ်သို့ ပေးအပ်သည့် အခမ်းအနားကို ယနေ့ နံနက် ၉နာရီက အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ အဆိုပါ အခမ်းအနားတွင် ဖော်ထုတ် သိမ်းဆည်း ရရှိသော ကမာရွတ်ရဲစခန်း (ပ)၅၆/၀၉ ပြစ်မှု ပုဒ်မ-၃၂၈/၃၈၁ အမှုမှ သက်သေခံပစ္စည်း အမေရိကန်ဒေါ်လာ ၇၁၀၀၊ စမ်းချောင်းရဲစခန်း (ပ)၂၆/၀၈ ပြစ်မှု ပုဒ်မ-၃၈၁အမှုမှ စုစုပေါင်းတန်ဖိုး ကျပ်သိန်း၄၃၀ရှိ နိုင်ငံခြားသုံးငွေများ၊ မြန်မာငွေနှင့် ပစ္စည်းများ၊ လမ်းမတော်ရဲစခန်း (ပ)၉၁/၀၉ ပြစ်မှု ပုဒ်မ-၃၇၉ အမှုမှ တန်ဖိုးငွေကျပ် ၁၅၃သိန်းရှိ ရွှေထည်ပစ္စည်းနှင့် အခြားပစ္စည်းများ၊ တောင်ဥက္ကလာပ ရဲစခန်း(ပ)၃၂/၀၉ ပြစ်မှုပုဒ်မ-၃၈၀ အမှုမှ ရွှေအလေးချိန် ၁၃ ကျပ်သား ၁၄ပဲ ၅ရွေးနှင့် ငွေကျပ် ၇၆၇၀၀၀ စုစုပေါင်းကာလတန်ဖိုး ငွေကျပ် ၇၄၉ သိန်းတို့ကို ပိုင်ရှင်များထံ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ခိုင်ဦးက ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(ခရိုင်ရဲတပ်ဖွဲ့)

မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများ၌ နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာနိုင်

ရန်ကုန် မတ် ၃

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကျဲကျဲ မိုးရွာခဲ့ပြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ၊ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ဒေသများတွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့နှင့်အောင်လံမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၀ဒသမ၈၃ လက်မနှင့် ထားဝယ်မြို့တွင် ၀ဒသမ၂၄လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

၂၀၀၉ ခုနှစ် မတ် ၄ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်တင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် အများအားဖြင့် သာယာမည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် အများအားဖြင့် သာယာမည်။

ချောက်မြို့နယ်အသင်း သင်းလုံးကျွတ်စည်းဝေးမည်

ရန်ကုန် မတ် ၃

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ ပညာရည်ချွန် ဆုပေးပွဲနှင့် သက်ကြီး ပူဇော်ပွဲများကို ဧပြီ ၁ရက် နံနက်၁၀နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ဗဟန်း ကြားတောရလမ်းမကြီးပေါ်ရှိ တရားရုံးချုပ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများရသည့် အမှတ်စာရင်း မိတ္တူများဖြင့် မတ် ၁၈ရက် နောက်ဆုံးထား၍ အသင်းဥက္ကဋ္ဌ ဦးညိုမောင်-ဖုန်း-၀၁-၅၉၀၀၀၉၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဦးမောင်မောင်မြင့် ဖုန်း-၀၁-၅၅၄၀၆၇နှင့် အတွင်းရေးမှူး ဦးဌေးအောင် ဖုန်း-၀၁-၂၉၃၄၂၀၊ ၀၁-၂၉၁၂၅၀ တို့သို့ ဆက်သွယ်ပေးပို့ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

တာချီလိတ်၌ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်

တာချီလိတ် ဖေဖော်ဝါရီ ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် ဘော်လီဘော အားကစားဆပ်ကော်မတီကကြီးမှူး၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား အမျိုးသားဘော်လီဘောပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၂ရက် နံနက်၉နာရီက မြို့နယ်မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲအဖြစ် ဝမ်ကောင်းရပ်ကွက်အသင်းနှင့် မကာဟိုခမ်းရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဝမ်ကောင်းရပ်ကွက်အသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ ဒုတိယဆုရ မကာဟိုခမ်းရပ်ကွက်အသင်းအား ဂုဏ်ပြုဆုငွေများကို ခရိုင်ဘော်လီဘောအားကစားဆပ်ကော်မတီဥက္ကဋ္ဌ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးစိုးနိုင်ကလည်းကောင်း၊ ပထမဆုရ ဝမ်ကောင်းရပ်ကွက်အသင်းအား ဂုဏ်ပြုဆုငွေများကို ခရိုင်အတွင်းရေးမှူး ဦးသန်းထွန်းကလည်းကောင်း၊ တံခွန်စိုက်ဆုဖလားကို ခရိုင်ဥက္ကဋ္ဌ ဦးကျော်စွာထွန်းကလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ပြိုင်ပွဲသို့ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများမှ အမျိုးသားဘော်လီဘောအသင်း ၁၀သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပညာတံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် ရန်ပုံငွေနှင့် စာအုပ်များ လှူဒါန်းပွဲကျင်းပ

ဗန်းမော် မတ် ၁

ကချင်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်မှူး ဦးစိုင်းသိန်းလွင်သည် ဖေဖော်ဝါရီ ၂၄ ရက်က ဗန်းမော်ခရိုင်သို့ ရောက်ရှိပြီး ဒေါ့ဖုန်းယန်မြို့နယ် လွယ်မောက်ယန်ကျေးရွာ အာရုံဦးစာကြည့်တိုက်၊ ပန်ကောင်းမုကျေးရွာ ပညာ့အလင်းစာကြည့်တိုက်၊ မိုးမောက်မြို့နယ် တာလီကျေးရွာ လင်းပွင့်စာကြည့်တိုက်၊ မင်းကျမ်းကျေးရွာပညာတံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ရန်ပုံငွေနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားသို့တက်ရောက်၍ စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

တည်တံ့ရေး

ဆက်လက်၍ ဖေဖော်ဝါရီ ၂၅ရက်တွင် မန်စီမြို့နယ် စီအူကျေးရွာ အောင်သုခစာကြည့်တိုက်၊ ဖေဖော်ဝါရီ ၂၆ရက် နံနက်ပိုင်းတွင် ဗန်းမော်မြို့နယ် နမ့်ဖားကျေးရွာ အုပ်စု လူငယ်အားမာန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ ရန်ပုံငွေနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ပြီး စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဖြည့်စွက်

ဆက်လက်၍ ဖေဖော်ဝါရီ ၂၆ရက် မွန်းလွဲ ၁နာရီက ဗန်းမော်ခရိုင်ရုံး၌ မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ပြန်ကြားရေးဝန်ကြီး၏ မှာကြားချက်များ၊ ဦးစီးဌာန၏ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ဆောင်ရွက်ရမည့်ရှေ့လုပ်ငန်းစဉ် (၁၁)ရပ်ကို ရှင်းလင်းပြောကြားပြီး တစ်မြို့နယ်ချင်းအလိုက် တင်ပြချက် များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

(ခရိုင် ပြန်/ဆက်)

မြန်အောင်မြို့ မီးဘေးကြိုတင်ကာကွယ်ရေး မီးသတ်ရေလှောင်ကန်များ ပေးအပ်လှူဒါန်း

မြန်အောင် ဖေဖော်ဝါရီ ၂၀

မြန်အောင်မြို့ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ရေလှောင်ကန်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက်က အမှတ်(၁)ရပ်ကွက် ဇေယျာသီတာလမ်းထိပ်တွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးကျော်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးနိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖ အလှူရှင်များ တက်ရောက်ကြသည်။

လက်ခံ

အခမ်းအနားတွင် အမှတ်(၁)ရပ်ကွက် မီးငြိမ်းသတ်ရေးကိရိယာ ဖြစ်မြောက်ရေးနှင့် တည်တံ့ခိုင်မြဲရေးကော်မတီဝင် ဦးဇော်မြင့်နှင့် အလှူရှင်များက ငွေကျပ် ၃၆၀၀၀၀ တန်ဖိုးရှိ ရေဂါလန် ၇၅၀ ဝင် မီးသတ်ရေလှောင်ကန်သုံးလုံးကို ပေးအပ်လှူဒါန်းရာ အမှတ်(၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမျိုးအောင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက လက်ခံယူကြသည်။**(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ကျောက်မြင့်ကျေးရွာ နှစ်လက်မစက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးနီထွန်းနှင့် ကျောက်မြင့်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစန်းယုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပြည်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ရွှေဘုန်းပွင့်စာကြည့်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်မှ စာအုပ်များလှူဒါန်း

ပြည် ဖေဖော်ဝါရီ ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့နယ်အတွင်းရှိကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ပြည်မြို့ ရွှေဘုန်းပွင့်စာကြည့်တိုက်နှင့်ယဉ်ကျေးမှုပြတိုက်မှ စာအုပ်စာစောင်များ လှူဒါန်းပွဲကို ဇန်နဝါရီ ၂၅ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးခင်မြင့်နှင့် အမှုဆောင်များ၊ ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ထွန်း၊ မြို့နယ်ဦးစီးမှူးဒေါ်စန်းတင့်နှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

ထိုလှူဒါန်းပွဲအခမ်းအနားတွင်စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက စာအုပ်စာစောင်များ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး စာအုပ်များကို လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိက လက်ခံယူသည်။ **(အောက်ပုံ)** ထို့နောက်ဦးစီးအရာရှိက ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

အဆိုပါ လှူဒါန်းပွဲတွင် စာအုပ်စာစောင် ၃၄၄အုပ်၏ တန်ဖိုးငွေမှာ ကျပ်သုံးသိန်းကျော်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အုတ်ဖို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေး နှစ်အတွင်း ဆောင်ရွက်သောအုတ်ဖိုတာဆုံ-ပန်းတင် - မြို့ဝင်လမ်း အပိုင်း (၂) ကတ္တရာ ထပ်ပိုးလွှာ လမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း မွန်ပြည်နယ်၌ အသိပညာပေး ဆွေးနွေးဟောပြော

ရန်ကုန် မတ် ၃

မွန်ပြည်နယ် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့ကို ယာဉ်မောင်းနှင်သူတိုင်း သိရှိနားလည်စေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ဆွေးနွေးဟောပြောပို့ချခြင်းများကို ယာဉ်ရပ်နားသည့်ဂိတ်များ၌ ကျင်းပလျက်ရှိရာ မော်လမြိုင်မြို့နယ် စစ်ဆေးရေးတာဝန်ခံ ဒုတိယရဲမှူးမြင့်အေးသည် ဖေဖော်ဝါရီ ၁၄ရက်က မန္တလေးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ယာဉ်ရပ်နားသည့် ဂိတ်များမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် မော်တော်ဆိုင်ကယ်မောင်းနှင်သူ ၆၀တို့အားလည်းကောင်း၊ မော်လမြိုင် ဈေးကြီးအဝေးပြေးဂိတ်၌ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့်မော်တော်ဆိုင်ကယ်မောင်းနှင်သူ ၇၀တို့အား လည်းကောင်း တွေ့ဆုံ၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့ကို အသိပညာပေး ဆွေးနွေးဟောပြော ပို့ချသည်။ **(အောက်ပုံ)**

ဟောပြော

အဆိုပါအဖွဲ့ဝင်များသည် မော်လမြိုင်မြို့ပေါ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဆွေးနွေး ဟောပြောပွဲများကို တစ်လလျှင် လေးကြိမ်မှ ငါးကြိမ်အထိ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် မော်တော်ဆိုင်ကယ် မောင်းနှင်သူများအား တွေ့ဆုံ၍အသိပညာပေးဆွေးနွေးဟောပြောပို့ချလျက်ရှိပြီး မွန်ပြည်နယ်ရှိ မြို့နယ်၁၀မြို့နယ်တွင်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများကို ကျေးရွာများအထိ ကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်းဘူး(စကု)မြို့နယ် လေးအိမ်တန်းကျေးရွာ ပညာပျိုးခင်းစာကြည့်တိုက် အဆောက်အအုံဖွင့်

မင်းဘူး ဖေဖော်ဝါရီ ၁၀

မင်းဘူး(စကု)မြို့နယ် လက်ပံတောကျေးရွာအုပ်စု လေးအိမ်တန်းကျေးရွာ ပညာပျိုးခင်းစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ရက်က အဆိုပါ ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ရှေ့၌ကျင်းပရာ မင်းဘူး(စကု)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းနိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြတ်မွန်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဝင်းအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ကျေးရွာစာကြည့်တိုက် မြေအတွက် အလျား ၂၂ပေ×အနံ ၁၃ပေ တန်ဖိုးငွေကျပ်၇၅၀၀၀ရှိ မြေကို ကျေးရွာ အလှူရှင်နှစ်ဦးကလည်းကောင်း၊ အဆောက်အအုံအတွက် တန်ဖိုးငွေကျပ် ၁၂သိန်းကို ကျေးရွာသူ ကျေးရွာသား ၂၄ဦးကလည်းကောင်း၊ စာအုပ် စာစောင်အတွက် မင်းဘူးမြို့မှ ဦးမစ်ကီ-ဒေါ်စိုးစိုးတို့က တန်ဖိုး ငွေကျပ်ခုနစ်သိန်းခွဲရှိ စာအုပ် ၈၅၂ အုပ်ကို လည်းကောင်း၊ ပရိဘောဂအတွက် အလှူရှင်လေးဦးက တန်ဖိုးငွေကျပ် ၄၇၅၀၀ ရှိ စားပွဲနှင့်ကုလားထိုင်များကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်ရေး ပဲခူး၌ သရုပ်ပြ

ပဲခူး ဖေဖော်ဝါရီ ၂၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနက ကြီးမှူးကျင်းပသော ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးနိုင်ရန် မီးသတ်ဆေးဘူးတပ်ဆင်ရေးနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်း၊ သရုပ်ပြပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်စနာရီက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ပဲခူးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမောင်မောင်ဌေးက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်း ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်တင်တင်လှက မီးသတ်ဆေးဘူးတပ်ဆင်ခြင်းနှင့် သရုပ်ပြပွဲဆောင်ရွက်ရသည့် အကြောင်းကိုလည်းကောင်း၊ ပဲခူးတိုင်း မီးသတ်ဦးစီးဌာနမှ တိုင်းမီးသတ်ဦးစီးမှူးရဲသူရိန်လှမြင့်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်းကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ကြည့်ရှုအားပေး

ဒုတိယပိုင်းအစီအစဉ်ဖြင့် ပဲခူးတိုင်း မီးသတ်ဦးစီးဌာနမှ သရုပ်ပြသော မီးသတ်ဘူးများဖြင့် မီးငြိမ်းသတ်ခြင်း သရုပ်ပြပွဲကို ပဲခူးခရိုင်ဥက္ကဋ္ဌ ဦးမောင်မောင်ဌေးနှင့် တက်ရောက်လာသော ဧည့်သည်များက ကြည့်ရှုအားပေးကြသည်။ **(အပေါ်ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

ကြက်ငှက်တုပ်ကွေး ကာကွယ်ရေးဆင့်ပွားသင်တန်းဖွင့်

လောင်းလုံး ဖေဖော်ဝါရီ ၂၅

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် CARE Myanmar အဖွဲ့တို့ ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှု လူထုအသိပညာ မြှင့်တင်ရေးဖွံ့ဖြိုးရေး လုပ်သားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၈ရက် နံနက် ၈နာရီခွဲက လောင်းလုံးမြို့နယ် အသင်းရုံး၌ ကျင်းပသည်။

ရည်ရွယ်ချက်

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်လှက အမှာစကားပြောကြားပြီး ထားဝယ်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းကြည်မာက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

တက်ရောက်

ဆက်လက်၍ မြို့နယ် ဥက္ကဋ္ဌက သင်ထောက်ကူပစ္စည်းများကို သင်တန်းသားခေါင်းဆောင်သို့ ပေးအပ်သည်။အဆိုပါ သင်တန်းသို့ ရပ်ကွက်၊ကျေးရွာများမှ သင်တန်းသား သင်တန်းသူ၂၀ တက်ရောက်ပြီး ဖေဖော်ဝါရီ၁၈ရက်မှ၂၀ရက် အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တိုက်ကြီးမြို့၌ အခြေခံမီးသတ် သင်တန်းဆင်း

ရန်ကုန် မတ် ၃

တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော အကြိုအခြေခံမီးသတ်သင်တန်းအမှတ်စဉ်(၁/၂၀၀၉)သင်တန်းဆင်းပွဲအခမ်းအနားကိုမတ် ၁ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့ မြို့မတင်းနစ်ကွင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သင်တန်းသားများ စုစုပေါင်း ၁၅၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) **(မြို့နယ်မီးသတ်)**

အော်တိုတယ်လီဖုန်းများတပ်ဆင်နိုင်ရေး အထက်မင်းလှမြို့၌ ဆောင်ရွက်ပေး

အထက်မင်းလှ ဖေဖော်ဝါရီ ၂၃

မကွေးတိုင်း အထက်မင်းလှမြို့တွင် လက်ရှိအသုံးပြုလျက်ရှိသော လက်လှည့်တယ်လီဖုန်းများနေရာ၌ အော်တိုတယ်လီဖုန်းများဖြင့် အစားထိုး၍ ဆက်သွယ်အသုံးပြုနိုင်ရေး အော်တိုတယ်လီဖုန်းအိတ်ချိန်းရုံးနှင့် မိုက္ကရိုဝေ့ဗ် တည်ဆောက်ရန် မြေနေရာကို မြန်မာ့သမိုင်းဝင် မင်းလှခံတပ်ကြီးနှင့် မျက်နှာချင်းဆိုင်ရှိ မြေကွက်ကို ရွေးချယ်တည်ဆောက်ခဲ့ရာ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သဖြင့် ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းမှစတင်၍ တစ်နေ့လျှင် အော်တိုတယ်လီဖုန်း ၁၀လုံးနှုန်း ပြီးစီးအောင် တပ်ဆင်နေပြီဖြစ်သည်။

မင်းလှမြို့တွင် လက်ရှိအသုံးပြုလျက်ရှိသော လက်လှည့်တယ်လီဖုန်းအရေအတွက်မှာ အလုံး ၂၀၀ဖြစ်ပြီး အော်တိုတယ်လီဖုန်းတပ်ဆင်ခွင့်ပြုရန်လျှောက်ထားသူ ၆၄၁ဦးတို့ ကျသင့်ငွေ အပြေအကျေပေးသွင်းပြီးပါက အော်တိုတယ်လီဖုန်း တပ်ဆင်ပေးမည်ဖြစ်ကြောင်းသိရသည်။ (၀၇၆)

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွက် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဦးဥတ္တမလမ်း ကတ္တရာ ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူးဦးခင်မောင်ဆွေနှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဌေးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနိုင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ပခုက္ကူမြို့ အမှတ်(၃)ရပ်ကွက် ဘိုးဘွားရိပ်သာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက်က အဆိုပါ လမ်းဖွင့်ပွဲမှုခ်ဦး၌ ကျင်းပရာ ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင်၊ ပခုက္ကူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မျိုးလတ်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

စေတနာရှင်များ စာအုပ်လှူဒါန်းပွဲ ဟသ်ာတ၌ကျင်းပ

ဟသ်ာတ ဖေဖော်ဝါရီ ၂၄

ဟသ်ာတမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအား စံ (၅)ရပ်နှင့်ညီသော ခိုင်မာစာကြည့်တိုက်ဖြစ်ရေးအတွက် စာအုပ်များလှူဒါန်းပွဲကို ဖေဖော်ဝါရီ၂၄ ရက်က ဟသ်ာတမြို့သဲရိုးရွာ သုတဂဝေသီ စာကြည့်တိုက်၌ကျင်းပသည်။

အခမ်းအနားတွင် သဲရိုးရွာ သုတဂဝေသီစာကြည့်တိုက်အတွက် ဦးလှထွန်း၊ ဒေါ်အေးနွဲ့တို့အား အမှူးထား၍ ရပ်ဝေးနေသားမောင်ကျော်စွာ၊ မောင်အောင်မင်းစိုးတို့က တန်ဖိုးငွေကျပ် ၁၃၀၀၀၀ကျော်တန် သံယုတ်ပါဠိတော် မြန်မာပြန်အစုံ ၁၀၊ ဦးအုန်းဟံ၊ ဒေါ်ငွေရီတို့အား အမှူးထား၍ ရပ်ဝေးနေသား မောင်ဝင်းထွန်း၊မောင်သူရမင်းတို့က တန်ဖိုးငွေကျပ်၅၀၀၀၀ကျော်တန် ဘာသာရေးဆိုင်ရာ စာအုပ် ၅၃ အုပ်ကိုလည်းကောင်း၊ ငွေကျပ်၂၇၀၀၀ ကျော်တန် စာအုပ် ၂၇ အုပ်နှင့် စာကြည့်တိုက်ငွေပဒေသာပင်အတွက် အလှူငွေကျပ်၃၀၀၀၀ ကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ် ၁၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးဖိုးစွန်က လက်ခံယူသည်။

ဆွေးနွေး

ဆက်လက်ပြီး ဦးစီးအရာရှိ ဦးမြင့်သိန်းကကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲ ရှင်သန်ဖွံ့ဖြိုးရေးအတွက် စံ(၅)ရပ်နှင့် ညီသော စာကြည့်တိုက်များဖြစ်ရေးကို ဆွေးနွေးသည်။ (၁၇၇)

မိုးညှင်းမြို့နယ် စည်ပင်ယာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော မြို့ပြလမ်းဖြစ်သည့် အုတ်ကျင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၄ရက်က အဆိုပါ လမ်းထိပ် မုခ်ဦးရှေ့၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစိန်ထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းဟန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဇန်နဝါရီ ၁၈ရက်က ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မန်းကလိပ်-ထီဖာမြေသားလမ်းဖောက်လုပ်နေမှုကို အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ညောင်လေးပင်မြို့နယ်၌ လင်းရောင်သစ် စာကြည့်တိုက်ဖွင့်

ညောင်လေးပင် ဖေဖော်ဝါရီ ၂၈

ပဲခူးတိုင်း(အရှေ့ပိုင်း)ညောင်လေးပင်မြို့နယ် ကုန်းအင်းကျေးရွာအုပ်စု ကျွဲသေမြောင်ကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး လင်းရောင်သစ် စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နီနီဝင်း (စာထောက်-၃)နှင့် စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** ကျေးရွာဥက္ကဋ္ဌက စာကြည့်တိုက်ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒေါ်နီနီဝင်း (စာထောက်-၃)က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အဆင့်မြင့် စံ(၅)ရပ်နှင့်အညီ စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးတို့ကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဦးခင်မောင်ချစ် မိသားစုက နိုင်ငံတကာဂျာနယ်ကိုလည်းကောင်း၊ ဦးသိန်းမြင့်(ဓာတ်ပုံ ပြန်/ဆက်)က မြန်မာ့အလင်းသတင်းစာတို့ကိုလည်းကောင်း၊ ဦးဌေးလှိုင်(ပြန်/ဆက်)က ရွှေသွေးဂျာနယ်ကိုလည်းကောင်း၊ ဒေါ်နီနီဝင်း(ပြန်/ဆက်)က ဒို့ကျေးရွာဂျာနယ်ကိုလည်းကောင်း ရာသက်ပန်လှူဒါန်းပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ရသစာအုပ် ၃၀ နှင့်ဂျာနယ် ၃၀ တို့ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ (၀၅၃)

ကျောက်ကြီးမြို့နယ်စည်ပင် မီးဘေးကြိုတင်ကာကွယ်ရေး ဆွေးနွေး

ကျောက်ကြီး ဖေဖော်ဝါရီ ၂၄

ပဲခူးတိုင်း ကျောက်ကြီးမြို့ ကျောက်ကြီး နတ်သံကွင်းကားလမ်းမကြီးနှင့် ကျောက်ကြီး-ရွှေကျင်ကားလမ်းမကြီး မြို့အဝင်လမ်းဘေးဝဲယာတစ်လျှောက် သန့်ရှင်းသာယာရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ဖေဖော်ဝါရီ ပထမပတ်မှစတင်ဆောင်ရွက်လျက်ရှိရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်နှင့် အမှုဆောင် အရာရှိဦးကိုကိုလေးတို့သည် ဖေဖော်ဝါရီ ၃ရက်က လုပ်ငန်းဆောင် ရွက်ရာ လမ်းမကြီးများသို့ ကွင်းဆင်းကြည့်ရှုပြီး လမ်းဘေးဝဲယာ သန့်ရှင်းသာယာလှပရေး၊ မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးတို့နှင့်ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေး ဆောင်ရွက်ပေးခဲ့ကြသည်။ (၀၄၅)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော စံပယ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က လမ်းထိပ်မုခ်ဦး၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ရဲအောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ဆည်၌ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာဌားကတ်ကျင့်သုံးရေး အလုပ်ရုံဆွေးနွေး

ကျောက်ဆည် ဖေဖော်ဝါရီ ၂၃

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ဆောင်ရွက်သည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာဌားစနစ်၊ စာဌားကတ်ကျင့်သုံးရေး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၀ရက် နံနက် ၁၀ နာရီက ကျောက်ဆည်မြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဦးညွန့်ရွှေက အဖွင့်အမှာစကား ပြောကြားပြီး(ယာပုံ) မြစ်သားမြို့နယ် ဦးစီးမှူး ဒေါ်ကျော့မြတ်ခိုင်၊ တံတားဦးမြို့နယ် ဦးစီးမှူး ဦးဘိုမောင်၊ စဉ့်ကိုင်မြို့နယ် ဦးစီးမှူး ဒေါ်ဝေဝေဖြိုး၊ ကျောက်ဆည်မြို့နယ် ဦးစီးမှူး ဒေါ်ခင်နှင်းရီနှင့်ကျောက်ဆည်၊စဉ့်ကိုင်၊တံတားဦး၊မြစ်သားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ စာကြည့်တိုက် လက်ထောက်(၃) ဝန်ထမ်းလေးဦးတို့က ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာဌားစနစ်၊ စာဌားကတ်ကျင့်သုံးရေး လုပ်ငန်းများ ဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဝန်ထမ်းများက အကြံပြုဆွေးနွေးကြပြီး ခရိုင်ဦးစီးအရာရှိ ဦးညွန့်ရွှေက ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးသည်။ (ခရိုင် ပြန်/ဆက်)

မိုင်းပန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ညောင်ပင်သာ ကျောက်ချောလမ်းသစ်ဖွင့်

မြို့နယ် သတင်းများ

မိုင်းပန် ဖေဖော်ဝါရီ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ညောင်ပင်သာကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက်က ကျင်းပရာ မြို့နယ်အမှုဆောင်အရာရှိက လမ်းနှင့်ပတ်သက်သည့် အကြောင်းအရာများ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ထွန်းနှင့် အမှုဆောင်အရာရှိ ဦးဝဏ္ဏကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ကျော်မင်းဟန်နှင့် အရာရှိကြီးများ၊ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်သူ ရပ်ကွက်သားများ တက်ရောက်ကြသည်။ (ခရိုင် ပြန်/ဆက်)

ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် သဲတောဈေးတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌ၊ ဈေးအကျိုးဆောင်များနှင့် ဈေးသူ ဈေးသားများ ပူးပေါင်းပြီး မီးဘေးကြိုတင်ကာကွယ်ရေးပညာပေးဟောပြောပြီး လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြပွဲနှင့် မီးသတ်ယာဉ်ဖြင့်ဇာတ်တိုက်လေ့ကျင့်မှုကို ဇန်နဝါရီ ၃၀ရက်က အမှုဆောင်အရာရှိနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပင်လောင်းမြို့၌ အတွေးသစ်စာကြည့်တိုက်ဖွင့် စာအုပ်စာစောင်နှင့်ငွေများ ပေးအပ်လှူဒါန်း

ပင်လောင်း ဖေဖော်ဝါရီ ၁၂

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပင်လောင်းမြို့ မြို့ပေါ်ရပ်ကွက်များဖြစ်သည့် ဈေးတန်းရပ် အတွေးသစ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားနှင့် စာအုပ် စာစောင်၊ ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားတို့ကို ဖေဖော်ဝါရီ ၇ရက်က ယင်းစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ဈေးတန်းရပ် အတွေးသစ်စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စွာရဲက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအုန်းရွှေက စာပေဗဟုသုတများ ဖတ်ရှုလေ့လာသည့် အလေ့အထကောင်းများရရှိရေးနှင့် စာကြည့်တိုက် ရေရှည်ရှင်သန်ခိုင်မာရေး လုပ်ငန်းများ ဆွေးနွေးသည်။

ယင်းနောက် စာအုပ်စာစောင်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်က သက်ဆိုင်ရာရပ်ကွက် စာကြည့်တိုက်များသို့ သုတ၊ ရသစာအုပ် ၅၀စီနှင့် ဂျာနယ်စောင်ရေ ၅၀စီကိုလည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိဦးကျော်ဌေးက စာကြည့်တိုက်တစ်တိုက်လျှင် ငွေပဒေသာပင် ကျပ် ၅၀၀၀စီကို လည်းကောင်း၊ သက်ဆိုင်ရာရပ်ကွက်အလှူရှင်များနှင့် ရပ်မိရပ်ဖများက စာအုပ်စာစောင်များနှင့် ငွေပဒေသာပင်တို့ကို လည်းကောင်း စိုက်ထူလှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူသည်။

ထို့နောက် ဈေးတန်းရပ် အတွေးသစ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံကို မြို့နယ်ဥက္ကဋ္ဌဦးကျော်စွာရဲ၊ ရပ်မိရပ်ဖ ဦးထွန်းလှိုင်နှင့် မြို့နယ်ဦးစီးမှူးဒေါ်ရွှေရွှေမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (မြို့နယ် ပြန်/ဆက်)

ဆိပ်ဖြူမြို့ ယောရောဖိတ်ခေါ်ဖလား ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်

ဆိပ်ဖြူ ဖေဖော်ဝါရီ ၁၇

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ဆိပ်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကကြီးမှူးကျင်းပသော ယောရောဖိတ်ခေါ်ဖလား အမျိုးသားအလွတ်တန်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၁၂ရက်က ရွှေမင်းဝန် ဘုရားကြီးကွင်း၌ကျင်းပရာ ထောင်းကြီးဘော်လီဘောအသင်းက တောင်ရနောင် ဘော်လီဘောအသင်းအား သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိသည်။

ထို့နောက် ပထမဆုဖလားကို ထောင်းကြီးအသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးအောင်နိုင်ကလည်းကောင်း၊ ပထမဆုအား မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးခင်မောင်ရွှေကလည်းကောင်း၊ ဒုတိယဆုနှင့် အကောင်းဆုံးအားကစားဆုများကို ယောရောကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးကံကောင်း(ကောင်းသန့်)နှင့် ဦးသောင်းနိုင်တို့က လည်းကောင်း ချီးမြှင့်ကြသည်။ **(အပေါ်ပုံ) (မြို့နယ် အား/က)**

ဖေဖော်ဝါရီ ၁၈ရက်က အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲတွင် အထက(၃) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြဦးက အမျိုးသမီးပြိုင်ပွဲ၌ ဒုတိယဆုရ ပိန္နဲကုန်းရပ်ကွက်မှ မဆုလဲ့နန္ဒာအား ဆုချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

စားသောက်ဆိုင်များ ကျန်းမာရေးနှင့်ညီညွတ်ရေး စစ်ဆေးဆောင်ရွက်

သာစည် ဖေဖော်ဝါရီ ၂

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပေါ်နှင့် စည်ပင်သာယာမြို့မဈေးကြီးအတွင်း၌ ဖွင့်လှစ်ရောင်းချလျက်ရှိသော စားသောက်ကုန်အရောင်းဆိုင်များတွင် ကျန်းမာရေးနှင့်ညီညွတ်သော အိမ်သုံးအိုင်အိုဒင်းဆားများ ရောင်းချမှု ရှိမရှိကို ဇန်နဝါရီ ၁၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုး၊ ဒုတိယဦးစီးမှူး (အခွန်)ဒေါ်လွဲ့လွဲ့ပုံ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဈေးကော်မတီဝင်များပူးပေါင်း၍ တစ်ဆိုင်ချင်း လှည့်လည်စစ်ဆေးပြီး ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်ကြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

နတ်မောက်မြို့၌ ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နတ်မောက် ဖေဖော်ဝါရီ ၂၄

နတ်မောက်မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက် နံနက် ၁၀ နာရီက နတ်မောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းကိုက ကျေးရွာစာကြည့်တိုက်သို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းမှာကြားပြီး စံ(၅)ရပ်နှင့် ကိုက်ညီသော ကျေးရွာစာကြည့်တိုက်များဖြစ်ရေး အလေးအနက်ထားဆောင်ရွက်ရန် မှာကြားသည်။ ယင်းနောက် မြို့နယ်ဥက္ကဋ္ဌဦးသန်းကိုက စာအုပ်စာစောင်အုပ်၃၀၀၊ ဌာနဆိုင်ရာများက စာအုပ်စာစောင်နှင့် သတင်းစာ ၅၄၅စောင်ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဦးလှရှိန်က လက်ခံယူသည်။

စာအုပ်စာစောင်လှူဒါန်းပွဲတွင် တန်ဖိုးငွေကျပ် ၅၃၉၀၀ရှိ စာအုပ်စာစောင် ၈၄၅ အုပ် ပေးအပ်လှူဒါန်းကြောင်းသိရသည်။ (မြို့နယ် ပြန်/ဆက်)

ကတ္တရာလမ်းခင်း

ခန္တီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိရာ ဈေးလမ်းများ အဆင့်မြှင့်တင် ကတ္တရာလမ်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးစိုးအောင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မှုခင်းသတင်း မိတ္ထီလာ၌ ယာဉ်တိမ်းမှောက်ရာမှသေဆုံးမှုဖြစ်ပွား

မိတ္ထီလာ ဖေဖော်ဝါရီ ၂၀

မိတ္ထီလာမြို့ ရှမ်းတဲကျောင်း မြောက်ဘက် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် အမှတ် ၃၄၄/၅ အနီးတွင် ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၃) ရဲစခန်းမှတာဝန်မှူး ဒုရဲအုပ်စံရွှေသည် ဖေဖော်ဝါရီ ၁၁ရက် နံနက် ၅နာရီခွဲက သွားရောက်စစ်ဆေးသည်။

ဖြစ်ပွားပုံမှာ မန္တလေး ပြည်တော်ဝင်ကုမ္ပဏီမှ ယာဉ်မောင်း ခင်စိုးသည် ဖေဖော်ဝါရီ ၁၀ရက် ညကယာဉ်အမှတ် ၄က/၃၁၁၁ကို မန္တလေးမှ မောင်းနှင်၍ မိတ္ထီလာ သီးကုန်းကျေးရွာသို့ပြန်လာစဉ် ခရီးကြုံ သီးကုန်းကျေးရွာသားများဖြစ်ကြသော ဒေါ်ကြင်အုန်း၊ ဒေါ်ခင်စန်းနွယ်၊ မခင်ညို၊ ဝေဖြိုးအောင်တို့ လေးဦးအား တင်ဆောင်ခဲ့သည်။ မိတ္ထီလာမြို့အဝင် ညောင်ကုန်းကျေးရွာအနီး တံတားအမှတ် ၂/၃၄၅၏ အနောက်ဘက် အုတ်ခုံကို အရှိန်ဖြင့် ဝင်ရောက်တိုက်မိသဖြင့် ယာဉ်မောင်း ခင်စိုး အသက်(၄၂)နှစ်မှာ ပေါင်ကျိုးသွားပြီး ကားပေါ်ပါ ဒေါ်ကြင်အုန်း အသက်(၇၀)နှင့် ဒေါ်ခင်စန်းနွယ် အသက်(၅၀)တို့မှာသေဆုံးသွားသည်။ ကားပေါ်ပါ ဒေါ်ခင်ညို အသက်(၄၅)နှစ်နှင့် ကုမ္ပဏီစာရေး ဝေဖြိုးအောင် အသက်(၂၀)တို့မှာလည်း ဒဏ်ရာများ ရရှိသွားသဖြင့် မိတ္ထီလာဆေးရုံတွင် တင်ပို့ကုသသည်။ အဆိုပါ ယာဉ်တိုက်မှုကို အမှတ်(၃) ရဲစခန်းတာဝန်မှူး ဒုရဲအုပ်စံရွှေက တရားလိုပြုလုပ်၍ ယာဉ်မောင်း ခင်စိုးအား ရဲစခန်း(ပ) ၈/၂၀၀၉၊ ပုဒ်မ ၃၃၇/ ၃၃၈/၃၀၄ (က)ဖြင့် အရေးယူထားသည်။ (ဝ၈၆)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသဖွံ့ဖြိုးရေး လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာရာ နံနက် ၁၁ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့သို့ ရောက်ရှိသည်။

ကြိုဆို

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် *စာမျက်နှာ ၉ ကော်လံ ၁* ❐

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး သီပေါမြို့ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံတွင် ဆရာဝန်နှင့် သူနာပြုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေ့စပါးနှင့် အခြားသီးနှံဧက ၅၀၀၀ ကို ရေပေးဝေလျက်ရှိပြီး ဒေသဖွံ့ဖြိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် အထောက်အကူပြုနေသည့် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်က ပြိုင်းချောင်းရေလှောင်တမံ

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ ပြိုင်းချောင်းရေလှောင်တမံကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းမြင်ကွင်း - ကျော်စိန်
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် မတ် ၃

နိုင်ငံတော်အစိုးရသည် ခေတ်မီအေးချမ်းသာယာသော နိုင်ငံတော်ကြီးတည်ဆောက်ရန်၊ နိုင်ငံတော်၏ အဓိကစီးပွားရေးတိုးတက်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရန်တို့အတွက် ဦးတည်ကြိုးပမ်းလျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးသီးနှံတိုးချဲ့စိုက်ပျိုးလျက်ရှိပြီး အဓိကလိုအပ်သော စိုက်ပျိုးရေ ရရှိရေးအတွက် ဆည်မြောင်းစီမံကိန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ■